# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၂)၊ အမှတ် (၁၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်**

ချစ်ကြည်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား

ယနေ့ ၂၀၂၂ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမအားလုံးနှင့် ပြည်သူပြည်သားများအားလုံး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ယနေ့ ကမ္ဘာ့ဆရာများနေ့သည် အသိပညာ၊ အတတ်ပညာနှင့် စောင့်ထိန်းအပ်သော အကျင့်သီလသိက္ခာနှင့် ကိုယ်ကျင့်တရားတို့ကို ကောင်းမွန်အောင် သင်ကြားပြုပြင်ပေးကြသော ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်ကျေးဇူးကို အောက်မေ့သတိရ ဖော်ထုတ်ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ဆရာတို့၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ရိုကျိုးပူဇော်ခဲ့ကြသည်မှာ ရှေးပဝေသဏီဘိုးဘေး စဉ်ဆက်ကတည်းက ယခုအချိန်ထိတိုင် ဖြစ်ပါသည်။ ကမ္ဘာ့ဆရာများနေ့တွင် ဆရာအပေါင်းတို့အား " ဂါရဝေါ၊ နိဝါတောစ၊ ကတညုတ၊ ကတဝေဒီ" ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သူ့ကျေးဇူးကို

စာမျက်နှာ ၃ ကော်လံ ၁▼

## နိုင်ငံ၏စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက် လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အခက်အခဲဖြစ်ပေါ်ပါက ချေးငွေများထုတ်ချေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၌ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို လေ့လာကြည့်ရှုစဉ်။

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပြည်မြို့ရှိ သီရိခေတ္တရာ ရတနာပုံမြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကို၊ ဦးတင်ထွန်းဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁၀

မြန်မာ့အလင်း

# ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့်အစပြု

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကို ဖိုးသုညများနှင့် တည်ဆောက်၍မရ။ တန်ဖိုးမြင့်လူ့စွမ်းအား အရင်းအမြစ်များနှင့်သာလျှင် တည်ဆောက်၍ရသည်။ ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း ပြည်သူလူထုပညာရေးနိမ့်ကျမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့မှာ နိုင်ငံအတွက် အန္တရာယ်ကိုဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံ၏ လက်ရှိ ပညာရေးအခြေအနေမှာ ဆယ်စုနှစ်များနှင့်ချီ၍ ပြုပြင်ပြောင်းလဲ တည်ဆောက်သွားရမည်ဖြစ်ရာ ဆရာများ၏ ကဏ္ဍမှာ အဓိက အရေးပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ ဒသမ ၁၆၉ သန်း ရှိသည့်အနက် ၁၈ ဒသမ ၂၆၃ သန်းမှာ အခြေခံပညာအလယ်တန်းအဆင့်သာရှိသည်။ တက္ကသိုလ်ဘွဲ့ရသူ နှစ်သန်းကျော်နှင့် အခြားဘွဲ့ ဒီပလိုမာရသူ ငါးသိန်းကျော်ရှိသည်။ THS နှင့် TVED အသက်မွေးဝမ်းကျောင်းနှင့် ကျောင်းပြီးသူ တစ်သိန်းခန့်ရှိသည်။ မြို့ပေါ်နေထိုင်သူ ပညာတတ်မှာ ၇၈ – ၈၀ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသများတွင် နေထိုင်သူ ပညာတတ် ၂၀ ရာခိုင်နှုန်းခန့်သာရှိသည်။ ယင်းသို့သော အခြေအနေသည် နိုင်ငံ၏အနာဂတ်အတွက် အန္တရာယ်ကြီးမားပြီး ပညာရေးမြှင့်တင်မှုကို မဖြစ်မနေဆောင်ရွက်သွားရမည့် အခြေအနေဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေခံအားဖြင့် နိုင်ငံသားအားလုံး အခြေခံပညာအလယ်တန်းအဆင့် သင်ယူပြီးမြောက်ပြီးသားဖြစ်ရန် လိုအပ်သည့်အလျောက် KG+9 ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ စာသင်သားတစ်ဦးအနေဖြင့် အနည်းဆုံး အခြေခံပညာအလယ်တန်းအောင်မြင်ပြီးမှသာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကူးပြောင်းသင်ယူနိုင်စွမ်းရှိမည်ဖြစ်ခြင်းကြောင့် လူတိုင်း KG+9 ပြီးမြောက်စေရန် သင်ကြားပေးသွားရမည်ဖြစ်သည်။

"ကျွန်တော်တို့က မဖြစ်မနေ ပညာရေးမြှင့်တင်မှုတွေကို လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကို ဒီနှစ်မှာလည်း ငွေကုန်ကြေးကျခံပြီး လုပ်ပေးဖို့ ဆောင်ရွက်နေတာရှိပါတယ်။ တစ်ဖက်ကလည်း ငွေကုန်ကြေးကျလုပ်ပေးနေသလို တစ်ဖက်က ပညာရေးကိုတာဝန်ထမ်းဆောင်နေသူတွေက လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် လုပ်ဖို့ လိုတယ်။ နံပါတ် (၁) အချက်က သူတို့အတွက် အာမခံချက်ရှိဖို့။ ဒီလိုသွားရမှာဖြစ်တယ်။ ဒါကြောင့် ပညာရေးမှာလည်း ကျွန်တော်အဆင့်ဆင့် ပြုပြင်ပြောင်းလဲမှုတွေ အခွင့်အရေးတစ်ခု ကျွန်တော်ဆောင်ရွက်ပေးနေပါတယ်။ သူတို့ကို ကျွန်တော်တို့ လိုအပ်တဲ့ Facilities ပေးဖို့ လိုမယ်လို့ ကျွန်တော်ယူဆပါတယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေးတို့အတွက် သဘာဝကပေးထားသည့် ရေ၊ မြေ၊ သယံဇာတများနှင့် ပြည့်စုံပေရာ ၎င်းသယံဇာတများကိုအသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်မှာ တန်ဖိုးမြင့်မားပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လူသားအရင်းအမြစ် လိုအပ်သည်။ အဆိုပါ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရာတွင် ဆရာ၊ ဆရာမများက အချက်အချာကျသည်။

အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမည့် မျိုးဆက်သစ်လူငယ်များအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ပြုစုပျိုးထောင်ပေးရန်၊ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားဖြောင့်မတ်သူများ ဖြစ်လာစေရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူများ ဖြစ်လာစေရန်၊ လူအချင်းချင်း လေးစားတန်ဖိုးထား၍ လောကကောင်းကျိုး သယ်ပိုးလိုသူများ ဖြစ်လာစေရန် ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ရာ အနာဂတ်လူ့ဘောင်အတွက် ပညာရေးကဏ္ဍမှ ဦးဆောင်အကောင်အထည်ဖော်သွားကြရမည့် ဆရာ၊ ဆရာမများအား ကမ္ဘာ့ဆရာများနေ့တွင် အလေးအမြတ် ဂုဏ်ပြုအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

# (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟို)အဆင့်ပြိုင်ပွဲသို့ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင် ၆၆ ဦး ပါဝင်ယှဉ်ပြိုင်မည်



**စစ်တွေ အောက်တိုဘာ ၄**

ရခိုင်ပြည်နယ်မှ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟို) အဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၆၆ ဦးကို စစ်တွေတက္ကသိုလ်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက အဆိုပါ စခန်းသွင်းလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်၊ အားကစား လေ့ကျင့်ရေးခန်းမ၌ အဆို၊ အရေးပြိုင်ပွဲဝင်များ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက ဗဟိုအဆင့်တွင် ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်နေသော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြည်နယ်ဂုဏ်ဆောင်နိုင်ရေး ဆရာ ဆရာမများ၏ သင်ကြားမှုများကို စနစ်တကျ လေ့လာမှတ်သား ကြိုးစားလေ့ကျင့်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ အကအဖွဲ့ဝင်များ စခန်းသွင်းလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှု အားပေးရာ အကအဖွဲ့ဝင်များက အခြေခံကဗျာလွတ်အက၊ တစ်ဦးချင်း အကနှင့် မွန်ရိုးရာအကများဖြင့် လေ့ကျင့်ကပြ ဖျော်ဖြေကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆို၊ အရေးနှင့် အကအဖွဲ့ဝင်များကို အချိုရည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်လူရွယ်များ မှန်ကန်သည့် လမ်းကြောင်းပေါ်တွင်ရောက်ရှိပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ကိုယ်စား တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းက လူငယ်ရေးရာကော်မတီ၏ ရည်မှန်းချက် (၇)ရပ်၊ မူဝါဒ (၇)ရပ်၊ လုပ်ငန်းစဉ် (၁၆)ရပ်နှင့် တိုင်းပြည်၏ အနာဂတ် အားထားရမည့် လူငယ် လူရွယ်များ မှန်ကန်သည့်လမ်းကြောင်းပေါ်တွင်ရောက်ရှိပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လူငယ်ရေးရာလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် စေတနာထားပြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီများ၏ ဆောင်ရွက်ချက်၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က လူငယ်ရေးရာကော်မတီ ဖွဲ့စည်း ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးပြီး တက်ရောက်လာသူများက မိမိတို့ ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို အကြံပြုတင်ပြကြရာ တာဝန်ရှိသူများက ဖြည့်စွက် ဆွေးနွေးကြပြီး တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

▼ *ရှေ့ဖုံးမှ*

သိတတ်ခြင်း၊ ကျေးဇူးသိမှတ်တုံ့ဆပ်ခြင်းဖြင့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြု ထုတ်ဖော်ခြင်း ပြုအပ်ပါသည်။

မြန်မာတို့ လက်အုပ်ချီမိုးရှိခိုးသော အနန္တဂုဏ်ရှင်ငါးပါးတွင် အာစရိယဂိုဏ်းဝင် ဆရာများသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေရာ 'အာစရိယဂုဏော အနန္တော' ဟု ဦးထိပ်ထားလျက် နေ့စဉ်ရှိခိုးထိုက်သော၊ ဆရာ့ကျေးဇူးကို နေ့စဉ်ဆင်ခြင်အောက်မေ့ထိုက်သော ပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များ အပါအဝင် နိုင်ငံတစ်ဝန်း၌ အာစရိယ ပူဇော်ပွဲများကို အခါအားလျော်စွာ ကျင်းပပူဇော်ကျေးဇူးဆပ်လျက်လည်း ရှိပါသည်။

ကမ္ဘာ့ဆရာများနေ့ ပေါ်ပေါက်လာရခြင်းမှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့- ယူနက်စကိုနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့တို့၏ ၁၉၆၆ ခုနှစ်တွင် ဆရာ၊ ဆရာမများ၏ အဆင့်အတန်းအပေါ် အကြံပြုချက်များအရ ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ်က စတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်ပါသည်။ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို "ကမ္ဘာ့ဆရာများနေ့" ဟူ၍ သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အနေဖြင့်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ နှစ်စဉ် ပညာရေးဝန်ကြီးဌာနက တာဝန်ယူ၍ နိုင်ငံတော်အဆင့် ကျင်းပခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်ဖြစ်သော "ပညာရေးပြုပြင်ပြောင်းလဲမှု- ဆရာများကအစပြု" **"The Transformation of Education Begins with Teachers"** သည် ဆရာများအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အရေးပါပုံကို မီးမောင်းထိုးပြကာ ဆရာများ၏ ပါရမီနှင့် သင်ကြားမှုအတတ်ပညာများကို အပြည့်အဝ အသုံးချနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက် ၎င်းတို့၏ အနာဂတ်ဘဝရပ်တည်မှုအတွက် စဉ်းစားပေးရန် လိုအပ်ပုံကို ဖော်ညွှန်းသတိပေးနေပါသည်။

ဆရာများသည် မသိသူကိုသိအောင်၊ မတတ်သူကိုတတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မလိမ္မာ မယဉ်ကျေးသူကို လိမ္မာယဉ်ကျေးအောင်၊ ပညာအလင်းပွင့်အောင်၊ စွမ်းရည်ပြည့်ဝကာ ချမ်းသာ ရဲရင့်အောင်ပြုနိုင်သည့် မေတ္တာစေတနာ အစွမ်းကြီးမားသူများ ဖြစ်ကြသည်။ တပည့်များကို အတတ်ပညာများသင်ပေးရင်း စိတ်ထားကောင်းပြီး ကိုယ်ကျင့်တရား ဖြောင့်မတ်မှန်ကန်လာစေရန်လည်း သွန်သင်ပေးတတ်သဖြင့် စာကိုလည်းသင် စိတ်ကိုပြင်သူဟုလည်း ဆိုရပါမည်။ အထူးသဖြင့် လမ်းမှားရောက်နေသော တပည့်များကို လမ်းမှန်ရောက်အောင် ပြုပြင်ထိန်းကျောင်းလမ်းပြပေးသူများဖြစ်၍ **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့"** ဟု မန်လည်ဆရာတော်ဘုရားကြီးက မိန့်ဆိုခဲ့ပါသည်။

❑ **မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ဆရာတို့၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ရိုကျိုး ပူဇော်ခဲ့ကြသည်မှာ ရှေးပဝေသဏီ ဘိုးဘေးစဉ်ဆက်ကတည်းက ယခုအချိန်ထိတိုင် ဖြစ်ပါသည်။ ကမ္ဘာ့ဆရာများနေ့တွင် ဆရာအပေါင်းတို့အား" ဂါရဝေါစ၊ နိဝါတောစ၊ ကတညုတာ၊ ကတဝေဒီ" ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ သူ့ကျေးဇူးကို သိတတ်ခြင်း၊ ကျေးဇူးသိမှတ်တုံ့ဆပ်ခြင်းဖြင့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြု ထုတ်ဖော်ခြင်းပြုအပ်ပါသည်**

❑ **မြန်မာတို့ လက်အုပ်ချီမိုးရှိခိုးသော အနန္တဂုဏ်ရှင်ငါးပါးတွင် အာစရိယဂိုဏ်းဝင် ဆရာများသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေရာ 'အာစရိယဂုဏော အနန္တော' ဟု ဦးထိပ်ထားလျက် နေ့စဉ်ရှိခိုးထိုက်သော၊ ဆရာ့ကျေးဇူးကို နေ့စဉ်ဆင်ခြင်အောက်မေ့ထိုက်သော ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်**

ထိုသို့တပည့်များအပေါ် အကျိုးလိုလားစိတ်ရှိသဖြင့် တပည့်တို့၏ ဘဝကို ပြုစုပျိုးထောင်ဖန်တီးပေးသူများဟုလည်း ဆိုနိုင်ပါသည်။ ဆရာသည် ဘဝခရီးနှင်ရမည့်လူငယ်တပည့်တို့ အနာဂတ်ဘဝတွင် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ၊ အလေ့အကျင့်ကောင်းများ၊ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပေးလိုက်သူဖြစ်ပါသည်။

ဆရာများသည် စတင်လေ့လာသင်ယူသူများအဖြစ် ကိုယ်ရောစိတ်ပါ အပင်ပန်းခံကာ ကိုယ်တိုင်တတ်ကျွမ်းသည်ထိ ဦးစွာသင်ယူကြရပါသည်။ ဆရာကိုယ်တိုင် မျက်စိကိုဖွင့် နားကိုစွင့်ကာ နေ့စဉ်တိုးတက်ဖြစ်ပေါ်နေသော ပညာရပ်များကို စာကြည့်တိုက်၊ အင်တာနက်နှင့် အိုင်တီနည်းပညာများကိုအသုံးပြုကာ စဉ်ဆက်မပြတ် တက်ကြွစွာသင်ယူလျက် တပည့်များအား ခေတ်ပေါ်ပညာရပ်များကို သင်ကြားပေးနိုင်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းအားထုတ်ကြရပါသည်။

မိမိနည်းတူ ပညာရပ်မှာ မွေ့လျော်အောင် တပည့်များအား လေ့ကျင့်သင်ကြားပေးကြရပါသည်။ မျက်မှောက်ခေတ်ဆရာများသည် မိမိပညာရပ်အတွက် အထောက်အကူပြုစေသည့် ဘာသာစကားများ တတ်ကျွမ်းအောင် သင်ယူနေကြရပါသည်။ တပည့်များကို ထိရောက်အောင်မြင်စွာ သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများ၊ သင်ပြနည်းများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူများကို အစဉ်အမြဲဆန်းသစ် ပြုပြင်နေကြရပါသည်။

သို့မှသာ သာမန်သင်ကြားနေရာမှ နည်းပညာသုံးပညာသင်ကြားရေးသို့ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"** ဆိုရမည့် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်တွင် ပညာစွမ်း၊ သတ္တိစွမ်း၊ စိတ်ဓာတ်စွမ်းတို့ဖြင့် ဘဝခရီးကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ပါသည်။

အတတ်ပညာ၊ အသိပညာများဖြင့်သာ မိသားစုဘဝ၊ လူမှုဘဝများကို မြှင့်တင်နိုင်သည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်၊ လူ့အဖွဲ့အစည်းတစ်ခုသည်လည်း ပညာဖြင့်သာ မြင့်မားတိုးတက်လာစေမည်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသော ဆရာများက ဦးဆောင်နိုင်မှသာ သာယာလှပသောကမ္ဘာကြီးကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆရာများသည် **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"** ဆိုတဲ့ ဆရာကျင့်ဝတ်များနဲ့အညီ မိမိတို့ရဲ့ တပည့်များကို ဘေးရန်အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးအောင် နည်းမှန်လမ်းမှန် ညွှန်ပြရန်၊ မျိုးဆက်သစ်လူငယ်များ အနာဂတ်ကမ္ဘာ့စိန်ခေါ်မှုများကို ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်ဖြတ်နိုင်ရေးအတွက် သင်ကြားရန်၊ အသိမှန် အလုပ်မှန် အကျင့်မှန်ဖြစ်ရေးအတွက် ဦးဆောင်ကြရန်၊ မြန်မာ့ပညာရေး ကမ္ဘာ့အဆင့်နှင့်အညီ ခေတ်မီတိုးတက်စေရန်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် ပညာရေးဖြင့် အထောက်အကူပြုရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဤကမ္ဘာ့ဆရာများနေ့ နေ့ထူးနေ့မြတ် အချိန်အခါသမယ၌ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## တို့ဆရာ

◆ ဆရာ့စိတ်ရင်း
ပန်းခင်းအလား၊ ဖူးပွင့်အားနှင့်
ဝင့်ကြွားမွှေးကြိုင်၊ အခိုင်ခိုင်သည့်
မယိုင်မလဲ ဖြောင့်မတ်မြဲ။

◆ ဆရာ့စိတ်နေ
ထုခြေမွှေနှောက်၊ ကြောင်းကျိုးထောက်၍
တည်ဆောက်ချိန်ခါ၊ စေတနာနှင့်
မှန်စွာရိုက်ခတ်၊ လိုအပ်ပြုပြင်
အိုးသွင်အလှ ဖော်ဆောင်ပြ။

◆ ဆရာ့စိတ်နေ
နာစေအရှင်း၊ စိတ်ထားရင်း၍
ဖိုကျင်းမီးခတ်၊ ရဲရဲထပ်မှ
လိုအပ်ပုံဖော်၊ တူချက်ခေါ်လျက်
ပေပေါ်တင်ထု၊ အပြုမူလျက်
ဓားသွင်အလှ ဖော်ဆောင်ပြ။

◆ ထုံးလိုလည်းမွေ၊
ရေလိုလည်းနှောက်၊ ကြားမြင်ပေါက်သို့
တတ်မြောက်ပညာ၊ နာသုံးနာနှင့်
ကောင်းစွာထုဆစ် တို့ဆရာ။

◆ ပဲ့ပြင်ဆုံးမ၊
သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာလည်းအပ်၊ အတတ်လည်းသင်
ချစ်ခင်ဖွယ်ရာ၊ ဝတ်ငါးဖြာနှင့်
မှန်စွာပြုအပ် တို့ဆရာ။

◆ ဩော် . . . တို့ဆရာလည်း
နာသုံးနာခင်း၊ စိတ်ရင်းဖြူစင်
အစဉ်လာကောင်း၊ မမေ့ကြောင်းနှင့်
ဂုဏ်ပေါင်းရွှန်းဝေ၊ ပြုံးပန်းတွေနှင့်
အနေအေးချမ်း၊ ဘဝလမ်းဝယ်
လျှောက်လှမ်းနေမြဲ၊ ရှင်သန်ဆဲ။

*ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြုလျက်။*

**ဖိုလေးလုံးသောင်းကိုကို**

## မန္တလေးတက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတက္ကသိုလ် ဘာသာရပ်ဌာနအသီးသီးမှ သက်ပြည့်အငြိမ်းစားယူခဲ့သော အသက် ၇၀ ကျော် ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာတင်ထွန်းက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ကန်တော့ခံအငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဩကာသ ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၃၁ ဦးအနက် ၁၃ ဦးတက်ရောက်ကာ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်သည့် ဆရာကြီး၊ ဆရာမကြီးများအား အိမ်တိုင်ရာရောက် ကန်တော့ခံပစ္စည်းများ သွားရောက်ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပူဇော်ကန်တော့ပွဲတွင် အငြိမ်းစားဆရာကြီး တစ်ဦးက ဆုံးမဩဝါဒစကားပြောကြားခဲ့သည်။ ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်တွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများပြသခဲ့ပြီး ပူဇော်ကန်တော့ပွဲသို့ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာတင်ထွန်း၊ ဒု-ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာ မောင်မောင်ဝင်း၊ ဒု-ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ နီနီအောင်၊ တွဲဖက်ပါမောက္ခများ၊ ပါမောက္ခဌာနမှူးများ၊ ကွန်ပျူတာသိပ္ပံဌာနမှူးများ၊ မန္တလေးတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **အောင်ဇော်မင်း**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- ❖ **ပြည်ဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့် ထင်ရှားသည့် ဘုရားများစွာတည်ရှိ၊ ရထားခရီးဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိ**
- ❖ **နောင်တစ်ချိန်တွင် လျှပ်စစ်ဓာတ်အားအသုံးပြုသည့်ရထားများ ပြေးဆွဲနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းအထောက်အကူပြုရန် ဆောင်ရွက်ပေးခြင်းဖြစ်**
- ❖ **အစားအသောက်များကိုလည်း ယခုထက်ပိုမိုသန့်ရှင်းသပ်ရပ် ကောင်းမွန်အောင်ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် ဒေသခံများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လို**

○ *ရှေ့ဖုံးမှ*

### စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများသို့ ချေးငွေများ ထုတ်ပေးထားမှု၊ သင်တန်းများ ကဏ္ဍအလိုက် ဖွင့်လှစ်လျက်ရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ခေတ်မီစက်ကိရိယာများ သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဈေးကွက်ရရှိရေးအတွက် ထုတ်ကုန်ပြပွဲများ ကျင်းပရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ခရိုင်စိုက်ပျိုးရေး သွင်းအားစုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ပြည်ခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ထက်ပိုင်နှင့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ဦးလင်းအောင်ထွေး၊ ဒေါက်တာ နေလင်းအောင်၊ ဦးရဲလင်းဦးနှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးတောင်သူများသို့ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချဖြန့်ဖြူးပေးလျက်ရှိမှု၊ အဓိကသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်မှု၊ ဆန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိမှု၊ စပါးစိုက်ပျိုးရေးအတွက် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးရန်လိုအပ်မှု၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများရှိခြင်းကြောင့် ပြည်ပခရီးသွားများ ဝင်ရောက်သည့်ဒေသဖြစ်ပြီး ယခင်က ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်မားသည့် ကာလအတွင်း ခရီးသွားလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်ခဲ့မှု၊ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးမှုများနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် လိုအပ်မှု၊ အထင်ကရနေရာများရှိ လမ်းညွှန်ဆိုင်းဘုတ်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထင်ထင်ရှားရှား တပ်ဆင်ပေးရန် လိုအပ်မှု၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့် ကာလအားတိုးမြှင့်သတ်မှတ်ပေးစေလိုမှုနှင့် ရင်းနှီးမြှုပ်နှံငွေများ ဆက်လက်ဆောင်ရွက်ပေးစေလိုမှု၊ ဆီထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆီထွက်သီးနှံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဆီများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများ လိုအပ်မှု၊ နိုင်ငံတော်မှ ဆီထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းအတွက် ဆီလုပ်ငန်းရှင်များအနေဖြင့် ကျေးဇူးတင်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်လိုအပ်မှုနှင့် စက်သုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရန်လိုအပ်မှု၊ သံထုတ်လုပ်မှုအတွက် သတ္တုကုန်ကြမ်းများနှင့် အခြားဆက်စပ်ပစ္စည်းများကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစေလိုမှု၊ အရည်အသွေးပြည့်မီသည့် သံများ ထုတ်လုပ်နိုင်ရေး နည်းပညာများ မျှဝေပေးရန် လိုအပ်မှု၊ ပန်းပုလုပ်ငန်းများအတွက် ကုန်ကြမ်းများ လိုအပ်လျက်ရှိသဖြင့် ထုတ်လုပ်မှုများ အခက်အခဲဖြစ်ပေါ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

### လုပ်ငန်းရှင်တစ်ဦးချင်း၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်စွက်ဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တစ်ဦးချင်း တင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာတွင် ခရီးသွားကဏ္ဍကို မိမိအနေဖြင့်အားပေးပြီး ပြည်ဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့် ထင်ရှားသည့် ဘုရားများစွာတည်ရှိကြောင်း၊ ရထားခရီးဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ဓာတ်အား အသုံးပြုသည့် ရထားများ ပြေးဆွဲနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်း အထောက်အကူပြုရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသသန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ကမ္ဘာလှည့်ခရီးသွားများနေထိုင်ရန် သင့်တော်သည့် တည်းခိုနေရာနှင့် ခေတ္တအနားယူသည့် နေရာများကို စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ အစားအသောက်များကိုလည်း ယခုထက်ပိုမိုသန့်ရှင်း သပ်ရပ်ကောင်းမွန်အောင်ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် ဒေသခံများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရုရှားနိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေး ဒေသအလိုက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်အမှတ်အသားများ ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနများက စနစ်တကျ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်ကာလ ထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမတည်ငွေများလည်း ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကို စနစ်တကျပြုပြင်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ လုံလောက်စွာ ရရှိရန်၊ အောင်ရေရရှိရန်နှင့် စိုက်ပျိုးရေးစနစ်များ မှန်ကန်ရန်လိုကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပုဂ္ဂလိကစီးပွားရေးကို အားပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် တောင်သူများကို နိုင်ငံတော်မှ ပံ့ပိုးကူညီခြင်းများ ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများ ကိုယ်တိုင်ကလည်း စနစ်တကျဖြင့် စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသတစ်ခုချင်းအလိုက် ကောင်းမွန်သည့် မျိုးများရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စားသုံးဆီများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရန်အတွက် ခေတ်မီစက်ကိရိယာများလိုအပ်ကြောင်း၊ နိုင်ငံတော်မှ ဆီထုတ်လုပ်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်သုံးဆီများကို အဓိကအားဖြင့် ပြည်ပမှ တင်သွင်းနေရပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အချိန်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည့် အလားအလာများရှိကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသုံးပြုသည့် စက်သုံးဆီနှင့် စက်မှုလုပ်ငန်းသုံး စက်သုံးဆီများရှိကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိနိုင်သည့် နေရာလည်း တွေ့ရှိထားပြီဖြစ်ပြီး နောင်လာမည့် သုံးနှစ်ခန့်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သံထုတ်လုပ်မှုအတွက်လိုအပ်သည့် သတ္တုကုန်ကြမ်းများကို သတ္တုသိုက်ရှိသည့် နေရာများတွင် ပုဂ္ဂလိကလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးထားပြီး ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အရည်အသွေးပြည့်မီသည့် သံများထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ နည်းပညာများ မျှဝေပေးသွားမည်ဖြစ်ကြောင်း၊ ပန်းပုထုလုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းများ ရရှိရေးအတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြန်လည်ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးအောင်နိုင်ဦး တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ကာလ ချေးငွေများနှင့် ပတ်သက်၍ နိုင်ငံတော်မှသင့်တော်သည့် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများကိုလည်း ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် အမြောက်အမြား ထုတ်ပေးထားပြီးဖြစ်သဖြင့် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ပြီး နိုင်ငံတော်၏ ငွေကြေးလည်ပတ်မှု ကောင်းမွန်စေရေးအတွက်လည်း လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် စီးပွားရေး မူဝါဒများအတိုင်း လိုက်နာ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိစေမည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနယ်မြေအလိုက် ရုံးများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေး ပြည့်မီသည့် သွင်းအားစုများ တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး၊ ထုတ်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် အကျိုးတူလယ်ယာစနစ်ကို ဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေးအတွက် သွင်းအားစုများ ပြည်ပမှ ဈေးနှုန်းသက်သာစွာ တင်သွင်းရရှိရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း၌လည်း ဇီဝမြေဩဇာများကို ထုတ်လုပ်လျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုထုတ်လုပ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖြန့်ဝေပေးလျက်ရှိမှုနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများ ပေါ်ထွက်လာရေး ဖိတ်ခေါ်လိုမှု၊ ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို လေ့လာကြည့်ရှုစဉ်။

သတ္တု၊ သံရည်ကြိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်များနှင့် ကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးဆီထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန်လိုအပ်မှု၊ ယခုနှစ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသည့်အတွက် ရေခံ၊ မြေခံကောင်းပိုင်ဆိုင်ထားသည့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေး ပြောကြားကြသည်။

## နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရမှုနှင့် အခက်အခဲမျိုးစုံကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ရင်ဆိုင်ဖြတ်ကျော်ခဲ့မှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်မြို့သို့ရောက်ရှိခြင်းဖြစ်ပြီး ခရိုင်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတွင်ပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိက စီးပွားရေးမောင်းနှင်အား တစ်ခုပင်ဖြစ်ကြောင်း၊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း MSME လုပ်ငန်းများကို ရာခိုင်နှုန်းများစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ယခင်ကတည်းက အားပေးဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေး အခြေအနေများကြောင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ရွေးကောက်ပွဲ မကျင်းပမီကာလများကတည်းက မိမိအနေဖြင့် သတိပေးပြောဆိုမှုများ ပြုလုပ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် ကာလသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလဖြစ်သည့်အတွက် ပြည်သူများ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားမှုမရှိစေရေး ရွေးကောက်ပွဲကျင်းပမှုကို ရွှေ့ဆိုင်းပေးရန် အစိုးရခေါင်းဆောင်များကို တောင်းဆိုခဲ့သော်လည်း ရွှေ့ဆိုင်းပေးခဲ့ခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲကျင်းပပြီး မဲစာရင်းများ ထုတ်ပြန်ခဲ့သည့်ကာလတို့တွင် အုပ်ချုပ်သူအစိုးရ၏ မဲအသာရရှိရေး မရိုးမသားဆောင်ရွက်ခဲ့မှုများ၊ မဲမသမာမှုများကြောင့် ဆူပူဆန္ဒပြမှုများ၊ နိုင်ငံရေးပဋိပက္ခများ၊ ထိုမှတစ်ဆင့်လက်နက်ကိုင် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင်လည်း စစ်ဘက်၊ အရပ်ဘက် မျှတစွာဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှု၏ နောက်ဆက်တွဲ နိုင်ငံရေးပြဿနာများကြောင့် ပြည်တွင်းစီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့်လည်း စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေးကျဆင်းမှုနှင့် အကြမ်းဖက်မှုများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုများဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည့်အတွက် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် စည်းကမ်းစနစ်ကျနပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## နိုင်ငံရေးနှင့် စီးပွားရေး

နိုင်ငံရေးနှင့် စီးပွားရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှုမရှိပါက နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုလည်း ရှိမည်မဟုတ်ကြောင်း၊ စီးပွားရေးကျဆင်းမှုများကြောင့်လည်း နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်နိုင်သဖြင့် စီးပွားရေးကောင်းမွန် တိုးတက်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိကိုယ်ကိုသာ အားကိုးဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ မူဝါဒပိုင်းကိုသာ ထိန်းသိမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်၊ စပါး၊ အသီးအနှံများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို အခြေခံ၍

*စာမျက်နှာ ၆ သို့*

- ❊ MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတွင်ပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကစီးပွားရေးမောင်းနှင်အား တစ်ခုပင်ဖြစ်
- ❊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း MSME လုပ်ငန်းများကို ရာခိုင်နှုန်းများစွာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်
- ❊ နိုင်ငံရေးနှင့် စီးပွားရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှုမရှိပါက နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုလည်း ရှိမည်မဟုတ်၊ စီးပွားရေး ကျဆင်းမှုများကြောင့်လည်း နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်နိုင်သဖြင့် စီးပွားရေးကောင်းမွန်တိုးတက်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်

*စာမျက်နှာ ၅ မှ*

နိုင်ငံ့စီးပွားတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့် အခွန်ရှောင်မှုများနှင့် ပြည့်ဝစွာမပေးဆောင်သူများလည်းရှိကြောင်း၊ နိုင်ငံ၏ ဝင်ငွေမှာ ပြည်သူများထံမှရရှိသည့် အခွန်ငွေနှင့် ကုန်သွယ်မှုများမှရရှိသည့် အခွန်ငွေများပင်ဖြစ်ကြောင်း၊ None Trade လုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေရရှိပြီး အဆိုပါရရှိသည့် အခွန်ငွေများမှ ဘတ်ဂျက်ရေးဆွဲ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို လေ့လာကြည့်ရှုစဉ်။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ လိုအပ်မှု

ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလည်ပတ်ရန်အတွက် ကုန်ထုတ်လုပ်မှုများ မဖြစ်မနေလိုအပ်သကဲ့သို့ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက်သယံဇာတ ပစ္စည်းများမှ ကုန်ကြမ်းပစ္စည်းများ များစွာရရှိနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ တိရစ္ဆာန်အစာအစာ၊ စက်သုံးဆီ၊ လျှပ်စစ်နှင့် အခြားသွင်းအားစုများလည်း လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေး မွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ပိုက်ဆံလျှော်များ စိုက်ပျိုး၍လည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ နို့စားနွားများကို စနစ်တကျမွေးမြူခြင်းဖြင့်လည်း နို့ထွက်ပစ္စည်းကို အခြေခံသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကြောင်း၊ ဒေသထွက်ပစ္စည်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုတွင် မွေးမြူရေး လုပ်ငန်းကို အခြေခံပြီး ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို ဒေသတွင်းတွင်သာမက ပြင်ပသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း။

စားသုံးဆီများထုတ်လုပ်ရာတွင်လည်း ဆီထုတ်လုပ်မှုများကို ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများကို အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆီများထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်သည့်အတွက် မိမိတို့တတ်နိုင်သည့် ပမာဏပေါ်တွင်သာ အခြေတည်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တတ်နိုင်သမျှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်ပေါ်ပါက ချေးငွေများ ထုတ်ချေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာ အားနည်းသူများရှိကြောင်း၊ အဆိုပါ ပညာရေးအားနည်းသူများကို အခြေခံလုပ်ငန်းများသာ သင်ကြားပေးနိုင်ကြောင်း၊ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်သင်တန်းများကို တတ်နိုင်သမျှ ဖွင့်လှစ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

### တစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်

ထုတ်ကုန်များ ထုတ်လုပ်ရာတွင် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် ကုန်ပစ္စည်းပြပွဲများ ကျင်းပရန်လိုသကဲ့သို့ သုံးစွဲသူများ သိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံမှစ၍ ခိုင်မာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် အရေအတွက်များများကို အမြတ်နည်းနည်းဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါကလည်း အရည်အသွေး ပိုမိုကောင်းမွန်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လုပ်ငန်းများအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံကောင်းများဖြစ်သည့် မြေနှင့် ရေကို အကျိုးရှိစွာ အသုံးချ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ရေဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးပြီး ဆောင်ရွက်၍ရကြောင်း၊ သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ပါက လက်တွေ့ အကျိုးဖြစ်ထွန်းလာပြီး တစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှရရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှု ထုတ်ကုန်၊ မြန်မာ့ရိုးရာ လက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---



## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ

# ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄** ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံစိုက်ပျိုး မွေးမြူရေးခြံ၌ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားတိုးနွားနှင့် DYL ဝက် မွေးမြူထားရှိမှု၊ နေရောင်ပြအင်း၌ ငါးနှင့် ဘဲမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။



### ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင် ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်ကြီးရှိ နီးဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်ကြီးသမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး သမိုင်းမှတ်တမ်းများအား စနစ်တကျ ထိန်းသိမ်းရန်နှင့် ပြတိုက်အား ပြန်လည်မွမ်းမံရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းလက်ရာများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ၅ ချက်ထိုး၍ ပူဇော်သည်။

### အလှူငွေများ ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သမိုင်းပြတိုက်အတွင်း ကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဆံတော်စေတီတော်မြတ်ကြီး သမိုင်းပြတိုက်အတွင်း ကြည့်ရှုစဉ်။



## အလှူငွေပေးအပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။

# အာမခံအလုပ်သမားများအား အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်လို

မန္တလေး အောက်တိုဘာ ၄

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့ ကြည့်ရှုစစ်ဆေးသည်။**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းများ ကျွမ်းကျင်မှုအရည်အချင်း ပြည့်မီရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ ကျွမ်းကျင်မှုအရည်အချင်း ပြည့်မီသူများကို စစ်ဆေးအကဲဖြတ်၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်နိုင်ရေးနှင့် MSME လုပ်ငန်းများအတွက် လူ့စွမ်းအား အရင်းအမြစ်ရရှိစေရေး၊ အလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူများကို လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အငြင်းပွားမှုများဖြစ်ပွားပါက ဥပဒေနှင့်အညီ စနစ်တကျ ဖြေရှင်းဆောင်ရွက်နိုင်ရန် အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များ ဖွဲ့စည်းထားခြင်းကြောင့် ခုံသမာဓိအဖွဲ့ဖြင့် အငြင်းပွားမှုများ ဆုံးဖြတ်ရာတွင် နှစ်ဦးနှစ်ဖက် ညီညွတ်မျှတသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး အရေးကြီးကြောင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း ဥပဒေနှင့်ညီညွတ်ပြီး သမာသမတ်ကျစွာ ဆုံးဖြတ်ရန် လိုကြောင်း၊ အငြင်းပွားမှုများကို အလုပ်ရှင်၊ အလုပ်သမား လက်ခံနိုင်ပြီး မျှတမှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ လျော့နည်းလာကာ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခုံသမာဓိအဖွဲ့ဝင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီး (မန္တလေး) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ တင်ကိုကိုနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် လိုကြောင်း၊ အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် လိုအပ်သည့်အခန်းကဏ္ဍတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီး ပြင်ပလူနာဌာန၌ ပြင်ပလူနာများအား ဆေးကုသပေးနေမှုများ**(အပေါ်ပုံ)**၊ အတွင်းလူနာကုသပေးသည့် ကုသဆောင်များ၊ ကိုဗစ်-၁၉ စောင့်ကြည့်လူနာများထားရှိသည့် ကုသဆောင်များနှင့် ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



# ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် တာဝန်ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ကြရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တာဝန်ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လက်ရှိစက်ရုံများအား စွမ်းရည်မြှင့်တင်၍ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ချွတ်ယွင်း၍ စွမ်းရည်လျော့နည်း ကျဆင်းနေသည့် စက်ပစ္စည်းများအား အမြန်ဆုံး ပြုပြင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်



စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။

အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်

ဓာတ်အားပေးစက်ရုံတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်ရုံလည်ပတ်မောင်းနှင်နေမှု၊ တာဘိုင် Guide Vane ပြုပြင်နေမှု၊ Stator နှင့် Rotor တို့အား Insulation Painting ပြုလုပ်ခြင်း၊ Software Upgrading ပြုလုပ်နေမှုကို စစ်ဆေးကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းနောက် စက်ရုံမှူးက ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်များမောင်းနှင်၍ ဓာတ်အားထုတ်လုပ်နေမှု၊ နိုင်ငံတော်ဓာတ်အားကွန်ရက်နှင့် ချိတ်ဆက်မှု၊ တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်မှု၊ အမှတ်(၄) စက်အား အကြီးစားပြုပြင်မှု လုပ်ငန်းအခြေအနေများကို တင်ပြရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးညီညီထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်သူများအတွက် တည်ငြိမ်၍ အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနိုင်ရေးအတွက် တာဘိုင်နှင့် ဂျင်နရေတာများ၊ ထိန်းချုပ်စနစ်များ၊ Switchgear နှင့် Protection စနစ်များအား စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကိုဗစ် -၁၉ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန်၊ စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများကို သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ဝန်ထမ်းများအား အမှတ်တရ သစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ စက်အားပြုပြင်ပြီးပါက ယခင်က လျော့နည်းနေသည့် စက်တပ်ဆင်စွမ်းအား (၈)မဂ္ဂါဝပ်ကို ပြန်လည်ရရှိနိုင်သဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ၃၄ ဒသမ ၂၄ ကီလိုဝပ်နာရီသန်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ပေါက်တော အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်က ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်ပိုင်ဖြိုးက ကလေးအလုပ်သမားများ ဥပဒေ၊ အသက်အရွယ် အပိုင်းအခြားအလိုက် သတ်မှတ်ထားသည့် ကလေးအလုပ်သမားများ ဥပဒေ၊ ကလေးအလုပ်သမားများနှင့် ပတ်သက်၍ ဥပဒေအရ အကာအကွယ်၊ ကလေးသူငယ်များကို အလုပ်ခိုင်းစေခြင်းနှင့် ပတ်သက်၍ ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးပြောကြား သည်။

ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်သို့ မလာနိုင်သည့် စာဖတ်ပရိသတ်များနှင့် ကလေးငယ်များအတွက် ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ စာအုပ်မိတ်ဆက်ခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသိပညာပေး (Talk Show) အစီအစဉ်များ ရိုက်ကူးကာ ပေါက်တောမြို့နယ် Facebook Page တွင် တင်ဆက်ပေးလျက်ရှိသည့်အပြင် စာဖတ်ပရိသတ်လက်ဝယ်အရောက် စာအုပ်စာစောင်များကို ရွှေ့လျားစာကြည့်တိုက်အဖြစ် ကွင်းဆင်းကာ အခမဲ့ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ Cash For Work စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ဘီးလင်း အောက်တိုဘာ ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများ ကုစားပေးနိုင်ရန်အတွက် Cash For Work စီမံကိန်းလုပ်ငန်းအား ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် အင်းဗျားကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ပေ ၁၈၀၀၊ ရေမြောင်းတူးခြင်းလုပ်ငန်း ပေ ၁၅၀၀ အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ Cash For Work စီမံကိန်းလုပ်ငန်းများကို ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး၍ ကျေးရွာနေပြည်သူများ မိသားစုဝင်ငွေရရှိသည့်အပြင် ကျေးရွာအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ် ရဲတပ်ဖွဲ့၏ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

ချင်းပြည်နယ် ရဲတပ်ဖွဲ့၏ (၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးလွင်မိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှပေးပို့သော ရဲတပ်ဖွဲ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ လေးဦးနှင့် စိုက်ပျိုးရေး/မွေးမြူရေးနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေး အကောင်းဆုံးဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# သီတဂူဆရာတော်ကြီးက မျက်စိဆေးရုံတစ်ရုံစာ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**သီပေါ အောက်တိုဘာ ၄**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိသာရ အရှင်သူမြတ် ဩဝါဒခံယူလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယက သီတဂူ(သီပေါ) စက္ခုဒါနဆေးရုံကြီး၏ တာဝန်ခံဆရာတော် ဘဒ္ဒန္တပညာသီရိ ဦးဆောင်ဦးရွက်ပြုမှုဖြင့် လူမျိုးဘာသာမရွေး အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ၂၀၀၈ ခုနှစ် မတ် ၂၂ ရက်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာအထိ (၄၉) ကြိမ်တိုင် မျက်စိဝေဒနာရှင်ပေါင်း ၃၁၈၃၉ ဦးအနက် ၇၂၀၉ ဦးကို ခွဲစိတ်ကုသပေးပြီး ကျန်မျက်စိဝေဒနာရှင်များအား မျက်မှန်နှင့် ဆေးဝါးများဖြင့် ကုသပေးကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အကျိုးပြု မျက်စိကုသမှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေး အတွက် သီပေါသီတဂူစက္ခုဒါနဆေးရုံ တာဝန်ခံဆရာတော် ဘဒ္ဒန္တပညာသီရိက စစ်ကိုင်းသီတဂူဆရာတော်ကြီးထံသို့ ကြွရောက်ဩဝါဒခံယူခဲ့သည်။ သီတဂူဆရာတော်ကြီးက သီပေါသီတဂူစက္ခုဒါနဆေးရုံအတွက် အမေရိကန်ဒေါ်လာ တစ်သိန်း လေးသောင်းကျော် မျက်စိခွဲစိတ်မှုဆိုင်ရာ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို မျက်စိဆေးရုံတစ်ရုံစာ ပေးအပ်လှူဒါန်းရာ ယနေ့ရောက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရွှေပြည်သာမြို့နယ် ဝါးတရာသစ်အခြေခံစက်မှုဇုန်ရှိ သစ်လောင်စာတောင့်စက်ရုံလုပ်ငန်းလည်ပတ်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက ရွှေပြည်သာမြို့နယ် ဝါးတရာသစ်အခြေခံစက်မှုဇုန်ရှိ ပုဂ္ဂလိက (ZZZ) ဇက်သုံးလုံး သစ်လောင်စာတောင့် လုပ်ငန်း (Biomass Wood Pellets) လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

**လိုက်လံရှင်းလင်းပြသ**

လုပ်ငန်းခွင်သို့ရောက်ရှိစဉ် မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်နှင့် သစ်လောင်စာတောင့် လုပ်ငန်းလုပ်ကိုင်သူ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးဇော်မင်းဦးတို့က သစ်ပါးလွှာစက်ရုံများမှ ဘေးထွက် သစ်ပါးလွှာအမှိုက်များကို စက်ပစ္စည်းများ အသုံးပြုကာ အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ပြီး သစ်လောင်စာတောင့် စမ်းသပ်ထုတ်လုပ်နေမှုများကို လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသသည်။



ထို့နောက် မြန်မာ့သစ်လုပ်ငန်း အမှတ်(၉) သစ်စက်၏ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာက သစ်လောင်စာတောင့်နှင့် ပတ်သက်၍ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးချမှု၊ ကမ္ဘာ့ဈေးကွက်အခြေအနေ၊ အားသာချက်နှင့် အားနည်းချက်များကိုလည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်သူက ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီများထက် ဈေးသက်သာပြီး ကိုင်တွယ်အသုံးပြုရာတွင် ပိုမိုအဆင်ပြေ၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေကာ လေထုညစ်ညမ်းမှု မရှိကြောင်းများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများ အသုံးပြုလာနိုင်အောင် အားနည်းချက်များကို သေချာလေ့လာ၍ အားသာချက်များအဖြစ် ပြောင်းလဲရန်၊ ထို့ပြင် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးထုပ်ပိုးမှု၊ ကုန်ပစ္စည်းများ ရေရှည်ခံနိုင်ရည်ရှိရေးတို့အတွက် ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားပြီး သစ်လောင်စာတောင့် စမ်းသပ်ပြသမှုကို ကြည့်ရှုကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

# မကွေးမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ရှိ မီးသတ်ဦးစီးဌာန၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မျက်မှောက်ခေတ်ကာလ၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီး တွင် ငလျင်ဘေးအန္တရာယ် အပါအဝင် အခြားသော ရုတ်တရက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များ ကြုံတွေ့ရပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရန် ကြိုတင်မျှော်မှန်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ အလိုက် ယခုလို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သင်ကြားလေ့ကျင့်ပေးရခြင်း ဖြစ်ကြောင်း၊ သင်တန်းကာလတွင် သင်တန်းသားများအနေဖြင့် သင်တန်းက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာကြရန်နှင့် သင်တန်းနည်းပြများကလည်း လေ့ကျင့်ချိန်များတွင် မတော်တဆ ထိခိုက်မှုများ မဖြစ်ပွားအောင် ဂရုစိုက်ကြပ်မတ်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခေတ်မီရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။



အဆိုပါ သင်တန်းကို အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀ တက်ရောက် သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ချမ်းသာ(မြန်/ဆက်)**

အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ပညာရေးနှင့် ဆရာများ၏ အရေးပါသော အခန်းကဏ္ဍ

**သိန်းထွန်း (IR)**

**နှစ်စဉ် အောက်တိုဘာ ၅ ရက်ဟာ ကမ္ဘာ့ဆရာများနေ့ဖြစ်ပါတယ်။ ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်လို့ အခုဆိုရင် ကမ္ဘာ့ဆရာများနေ့ ကျင်းပခဲ့တာ ၂၈ နှစ်ရှိပါပြီ။ ယခု ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ဆောင်ပုဒ်က "The transformation of education begins with teachers" "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့် အစပြု" ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်က ဆရာများရဲ့ အခန်းကဏ္ဍကို ပိုမိုထင်ရှားစေပါတယ်။ လက်တွေ့နယ်ပယ်မှာတော့ ဆရာများရဲ့အခန်းကဏ္ဍဟာ ဒီထက်မက နက်နဲကျယ်ဝန်းလှပါတယ်။**

### အနာဂတ်ကို ပုံဖော်ကြသူများ

ကမ္ဘာကြီးရဲ့အနာဂတ်တွေဆိုတာ တစ်ချိန်မှာ မျိုးဆက်သစ်တွေရဲ့ လက်ထဲ လွှဲပြောင်းပေးကြရမှာဖြစ်ပြီး မျိုးဆက်သစ်တွေကပဲ ဆက်လက်ပြီး တာဝန်ယူကြရမှာပါ။ လူသားသမိုင်း အစဉ်အဆက်မှာ ဒီလိုပဲ မျိုးဆက်အလိုက် လက်ဆင့်ကမ်းခဲ့ကြရပါတယ်။ ဘယ်သူမှ ထာဝရ တာဝန်ယူလို့ မရပါဘူး။ ဒီတော့ အနာဂတ်ကို မျိုးဆက်သစ်တွေ လက်ထဲ လွှဲပေးကြဖို့ဆိုရင် မျိုးဆက်သစ်တွေကို ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်အောင် ပြုစုပျိုးထောင်မွေးထုတ်ပေးကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအမျိုးသားပညာရေးဥပဒေ အခန်း (၂) ပုဒ်မ (၃) မှာ အမျိုးသားပညာရေးရည်မှန်းချက် ခုနစ်ချက် ဖော်ပြထားပါတယ်။ စာရှည်သွားမှာစိုးလို့ ဆောင်းပါးမှာ ထည့်မရေးတော့ပါဘူး။ ဥပဒေပြဋ္ဌာန်းချက်မှာပါတဲ့ အမျိုးသားပညာရေးရဲ့ ရည်မှန်းချက်တွေဟာ ပညာသင်ကြားရခြင်းရဲ့အနှစ်သာရတွေနဲ့ မျှော်မှန်းတဲ့ရလဒ်တွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေမှာပါတဲ့ ရည်မှန်းချက်တွေဆိုတာက လည်း ဥပဒေတစ်ရပ်ပြဋ္ဌာန်းလိုက်ရုံနဲ့ မရနိုင်သေးပါဘူး။

ရည်ရွယ်ချက်တွေအတိုင်း အောင်မြင်ဖို့ အဆင့်ဆင့်အကောင်အထည်ဖော်မှုတွေ လိုအပ်ပါတယ်။ အဆင့်ဆင့် အကောင်အထည်ဖော်မှုတွေ မှန်ကန်ထိရောက်မှ လိုချင်တဲ့ ပညာရေးရဲ့အနှစ်သာရတွေကို ရမှာ ဖြစ်ပါတယ်။ ပညာရေးရဲ့ ရည်မှန်းချက်တွေ၊ အနှစ်သာရတွေရဖို့ ကျောင်းသားတွေကို အနီးကပ်ဆုံး လေ့ကျင့်သင်ကြားပေးနေကြရတာက ဆရာ ဆရာမတွေ ဖြစ်ပါတယ်။ ဒီလိုဆိုလို့ ပညာရေးရဲ့ ရည်မှန်းချက် တာဝန်တွေ အောင်မြင်ဖို့နဲ့ ရည်မှန်းထားတဲ့အတိုင်း ကျောင်းသားတွေ အရည်အသွေးပြည့်ဝဖို့အတွက် ဆရာတွေမှာပဲ တာဝန်ရှိတာတော့ မဟုတ်ပါဘူး။ ပညာရေးစနစ်တစ်ခုလုံးကို အကောင်အထည်ဖော်ရတဲ့ အဆင့်တိုင်းမှာ တာဝန်ရှိကြပါတယ်။

အဆင့်ဆင့်တာဝန်ရှိတဲ့အထဲမှာ ကျောင်းသားတွေကို ကိုယ်တိုင်ကိုယ်ကျ သင်ကြားရတဲ့ ဆရာတွေကတော့ ပညာရေးရဲ့ အရေးအပါဆုံးသူပဲ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ဘက်စုံထူးချွန်ထက်မြက်လာစေဖို့ အနီးကပ် သင်ကြားပြုစုပျိုးထောင်နေတာဖြစ်လို့ အရေးအပါဆုံးလို့ ဆိုရခြင်းဖြစ်ပါတယ်။ အိုင်းစတိုင်းက တီထွင်ဖန်တီးနိုင်မှုနဲ့ အသိပညာတွေမှာ ပျော်ရွှင်အောင်ဖန်တီးပေးတာက ဆရာရဲ့ အကြီးမြတ်ဆုံးအနုပညာလို့ ဆိုခဲ့ပါတယ်။ အမှန်တကယ်လည်း အကြီးမြတ်ဆုံး အနုပညာပါပဲ။

ဆရာတွေက တပည့်တွေကို ပညာတွေအပြင် ဘဝရဲ့ရည်မှန်းချက်၊ စိတ်ကူးစိတ်သန်း၊ စဉ်းစားတွေးခေါ်မှု၊ လူမှုကျင့်ဝတ်၊ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ ဘဝရဲ့ လိုအပ်ချက်တွေ ပြည့်စုံဖို့ သင်ကြား ပြုစုပျိုးထောင်ပေးနေကြပါတယ်။ ဒီလိုသင်ကြားလိုက်လို့ ကျောင်းသား ကျောင်းသူတွေမှာ ပညာအရည်အသွေးတွေ ပြည့်ဝသွားရင် အနာဂတ်အတွက် ထူးချွန်ထက်မြက်တဲ့မျိုးဆက်သစ် မွေးထုတ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ မျိုးဆက်သစ်တွေ ထူးချွန်ထက်မြက်မှ အနာဂတ်လူ့အဖွဲ့အစည်း၊ အနာဂတ်နိုင်ငံတော် တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား တစ်ဦးချင်းစီရဲ့ အနာဂတ်၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့အနာဂတ်၊ နိုင်ငံတစ်နိုင်ငံ ဒါမှမဟုတ် ကမ္ဘာကြီးရဲ့ အနာဂတ်ကို ပြောင်းလဲနိုင်တာက ဆရာတွေပဲလို့ဆိုကြတာ ဖြစ်ပါတယ်။




### ဆရာများ၏အခန်းကဏ္ဍ

ဆရာတွေက တပည့်တွေရဲ့အနာဂတ်ခရီးအတွက် အသင့်ဖြစ်နေဖို့ ပြုစုပျိုးထောင်ရာမှာ အရေးအကြီးဆုံးအခန်းကဏ္ဍမှာ ရှိနေပါတယ်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ပူးတွဲသဝဏ်လွှာမှာ **"လေ့လာသင်ကြားသူတွေရဲ့ အနာဂတ်ကို ပြုပြင်ပြောင်းလဲရာ ဆရာတွေမှာ သူတို့ကိုယ်တိုင်အတွက်၊ အခြားသူတွေအတွက်နဲ့ ကမ္ဘာကြီးအတွက် တာဝန်ယူနိုင်တဲ့ စွမ်းရည်တွေရှိကြောင်း အာမခံပေးခြင်းဖြင့် ဆရာများရဲ့ အရေးပါသောအခန်းကဏ္ဍကို ယနေ့ကမ္ဘာ့ဆရာများနေ့မှာ ဂုဏ်ပြုခြင်း ဖြစ်ပါတယ်။ ဆရာတွေဟာ အသိပညာဖြန့်ဖြူးသူတွေ၊ အသိပညာရှင်တွေနှင့် မူဝါဒမိတ်ဖက်တွေအဖြစ် ယုံကြည်အသိအမှတ်ပြုဖို့ နိုင်ငံများကို ကျွန်တော်တို့အနေနဲ့ တောင်းဆိုပါတယ်"**လို့ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်ဟာ ဆရာတွေရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို ထင်ဟပ်ထားတာပါ။

လက်တွေ့မှာလည်း ဆရာတွေဟာ ကျောင်းသားတွေဘဝမှာ အရေးပါတဲ့သူတွေ ဖြစ်ပါတယ်။ အလက်ဇန်းဒါးသဂရိတ်က ကျွန်တော်ဟာ ဘဝရပ်တည်နိုင်လို့ အဖေ့အပေါ်မှာ အကြွေးတင်နေပါတယ်။ ဒါပေမယ့် ဘဝကိုကောင်းစွာရပ်တည်နိုင်တဲ့အတွက်ကတော့ ကျွန်တော့်ဆရာအပေါ်မှာ အကြွေးတင်နေပါတယ်လို့ ဆိုခဲ့ပါတယ်။ သူ့ရဲ့စကားဟာ ဘဝမှာ ဆရာတစ်ယောက်ရဲ့ အရေးပါပုံကို ဖော်ပြနေတာပါ။ ဆရာတစ်ယောက်ဟာ ကျောင်းသားတွေရဲ့ ပညာရေး တတ်မြောက်ရေးတစ်ခုတည်းအတွက်သာ တာဝန်ယူနေရတဲ့သူတွေ မဟုတ်ပါဘူး။ အိမ်အပြင်က မိဘတစ်ယောက်လို၊ ဆွေးနွေးတိုင်ပင်ပေးသူ၊ အကြံပေးသူ၊ စံပြပုဂ္ဂိုလ်တစ်ယောက်လို တာဝန်ယူကြရတာ ဖြစ်ပါတယ်။

ဆရာတွေက ကျောင်းသား ကျောင်းသူတိုင်း ပညာရေးရဲ့ အနှစ်သာရတွေဖြစ်တဲ့ အသိတရားနဲ့ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်ပြီး ဗလငါးတန်နဲ့ ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်ဖို့၊ ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနဲ့ သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူတွေဖြစ်ဖို့ ပြုစုပျိုးထောင်ပေးနေသူတွေ ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေ ပညာအရည်အသွေး ပြည့်ဝနေမှ သူတို့ရှေ့ရေး၊ လူ့အဖွဲ့အစည်းရှေ့ရေး၊ နိုင်ငံ့ရှေ့ရေးတွေ တိုးတက်မြင့်မားလာဖို့ မျှော်မှန်းနိုင်ပါလိမ့်မယ်။ ဒါကြောင့်လည်း ဆရာတွေရဲ့ အရေးပါမှုနဲ့ ဆရာတွေအခန်းကဏ္ဍကို ယုံကြည်ဖို့နဲ့ အသိအမှတ်ပြုဖို့တောင်းဆိုတာလို့ ဆိုနိုင်ပါတယ်။

ဒီ့အပြင် ကိုဗစ်ကပ်ရောဂါကနေ ပညာရေးစနစ်ပြန်လည် နာလန်ထူဖို့အတွက် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပညာသင်ကြားပေးသူ ၇၁ သန်းရဲ့ ကောင်းမွန်တဲ့ နေထိုင်မှုဘဝ၊ လေ့ကျင့်သင်ကြားမှု၊ အသက်မွေးဝမ်းကျောင်းတိုးတက်မှုနဲ့ လုပ်ငန်းခွင် အခြေအနေတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံကြဖို့ ကုလသမဂ္ဂက ၂၀၂၁ ခုနှစ်အတွင်းက တိုက်တွန်းခဲ့ဖူးပါတယ်။ ကပ်ရောဂါကြောင့် ဖြစ်ပေါ်နေတဲ့ ပညာရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ဆရာတွေရဲ့အခန်းကဏ္ဍအတွက် ထိရောက်တဲ့မူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ဖို့လည်း ပါဝင်ပါတယ်။ ယခုအချိန်ဟာ ဆရာတွေရဲ့ ထူးခြားပြီးအရေးပါတဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုဖို့အချိန်ဖြစ်ပြီး ဆရာတွေကို စွမ်းအားမြှင့်တင်ပေးရမယ့် အချိန်လို့လည်း ဆိုပါတယ်။

### အကျိုးသက်ရောက်မှု

ဆရာတွေရဲ့ပြုစုပျိုးထောင်မှုတွေဟာ ကျောင်းသားတွေအပေါ်မှာပဲ အကျိုးသက်ရောက်မှုရှိတာ မဟုတ်ပါဘူး။ လူ့အသိုက်အဝန်းနဲ့ အခြားသူတွေရဲ့ဘဝတွေအပေါ်ကိုလည်း သက်ရောက်မှုရှိပါတယ်။ ဒါကြောင့် ဆရာတွေဟာ လူ့အဖွဲ့အစည်းရဲ့ ကျောရိုးပမာ အရေးပါပါတယ်။ ဆရာများဟာ ပညာသင်ကြားပေးတဲ့ သူတွေကိုဖြစ်လို့ ပညာရေးရဲ့အနှစ်သာရတွေကို ဖော်ဆောင်နေကြရသူတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတွေသင်ကြားပေးနေတဲ့ ပညာဆိုတာက လူတစ်ယောက်ကစပြီး နိုင်ငံတစ်နိုင်ငံ၊ တစ်ကမ္ဘာလုံးအတွက် အရေးအကြီးဆုံးစွမ်းအားတစ်ခုဖြစ်လို့ ပညာရေးဟာ ကမ္ဘာကြီးကို ပြောင်းလဲပေးနိုင်တဲ့ စွမ်းအားအထက်ဆုံး လက်နက်ဖြစ်တယ်လို့ နယ်ဆင်မင်ဒဲလားက ဆိုခဲ့ဖူးပါတယ်။

ပညာရေးနဲ့ ကမ္ဘာကြီးကိုပြောင်းလဲပေးဖို့အတွက် ထူးချွန်ထက်မြက်တဲ့မျိုးဆက်သစ်တွေ မွေးထုတ်ပေးကြရမှာပါ။ အထူးသဖြင့် ဒီကနေ့ နည်းပညာခေတ်၊ ပညာခေတ်မှာ ပညာရေးရဲ့ အနှစ်သာရတွေ ပြည့်ဝဖို့ ပိုလိုအပ်နေပါတယ်။ တစ်နည်းအားဖြင့် အရည်အသွေးရှိတဲ့ ပညာရေးဖြစ်ဖို့ပါပဲ။ အရည်အသွေးရှိတဲ့ ပညာရေး အကောင်အထည်ဖော်ရာမှာ သင်ကြားရေးတာဝန်ယူကြရတဲ့ ဆရာတွေရဲ့ ကဏ္ဍက အရေးပါလာပါတယ်။ ပညာရေးမှာ ဆရာတစ်ယောက်ရဲ့ အခန်းကဏ္ဍဟာ စာပေသင်ကြားပေးခြင်းထက် ပိုမိုကျယ်ပြန့်ပါတယ်။ စာသင်ကြားခြင်းမှာ မတူညီတဲ့ရှုထောင့်တွေ များစွာပါဝင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

**❑ ကိုဗစ်ကပ်ရောဂါကနေ ပညာရေးစနစ်ပြန်လည် နာလန်ထူဖို့အတွက် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပညာသင်ကြားပေးသူ ၇၁ သန်းရဲ့ ကောင်းမွန်တဲ့ နေထိုင်မှုဘဝ၊ လေ့ကျင့်သင်ကြားမှု၊ အသက်မွေးဝမ်းကျောင်းတိုးတက်မှုနဲ့ လုပ်ငန်းခွင် အခြေအနေတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံကြဖို့ ကုလသမဂ္ဂက ၂၀၂၁ ခုနှစ်အတွင်းက တိုက်တွန်းခဲ့ဖူးပါတယ်။ ကပ်ရောဂါကြောင့် ဖြစ်ပေါ်နေတဲ့ ပညာရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ဆရာတွေရဲ့အခန်းကဏ္ဍအတွက် ထိရောက်တဲ့ မူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ဖို့လည်း ပါဝင်ပါတယ်။ ယခုအချိန်ဟာ ဆရာတွေရဲ့ ထူးခြားပြီး အရေးပါတဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုဖို့အချိန်ဖြစ်ပြီး ဆရာတွေကို စွမ်းအားမြှင့်တင်ပေးရမယ့် အချိန်လို့လည်း ဆိုပါတယ်**

❑ *ကျောဖုံးမှ*

တရားစွဲဆိုရေးအဖွဲ့မဟုတ်သည့် လူ့အခွင့်အရေးကောင်စီသည် IIMM ကဲ့သို့ ယန္တရား ထူထောင်ရန် လုပ်ပိုင်ခွင့်မရှိဘဲ IIMM ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းယန္တရားသည် သက်တမ်းအကန့်အသတ်မရှိဘဲ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၅ သန်းသုံးစွဲခွင့်ရထားပြီး ၎င်းစုဆောင်းသည်ဆိုသည့် အချက်အလက်အပိုင်းအစ ၃ သန်းကိုမည်သည့်အခါမှ စိစစ်ခွင့်မရခြင်း၊ ကုလသမဂ္ဂ၏ အထူးလုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် ရယူခွင့်မရှိသော်လည်း IIMM က အမေရိကန်အစိုးရက ထပ်မံပေးအပ်သော ရန်ပုံငွေကိုလက်ခံခြင်းနှင့် ၎င်း၏ဝန်ထမ်း ရွေးချယ်ခန့်ထားမှုများကို မည်သည့်အခါကမျှ ထုတ်ပြန်မှုမပြုခြင်းတို့အပေါ် စိစစ်ကြပ်မတ်သည့် နည်းလမ်းများ မရှိကြောင်းတွေ့ရှိရသည်။ ပူးတွဲအဆိုတင်သွင်းသူများ လိုချင်သည့်ကောက်ချက်ချမှုများရရှိရန် IIMM ကို ယင်းသို့ မသဲမကွဲစီမံထားခြင်းကြောင့် IIMM ယန္တရားကို စတင်ထူထောင်စဉ်ကပင် မြန်မာနိုင်ငံက အသိအမှတ်ပြုခြင်း မရှိခဲ့ပါ။ လက်ရှိအချိန်အထိလည်း ယင်းရပ်တည်ချက်အတိုင်းပင် အသိအမှတ်မပြုကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

အထူးအစီရင်ခံစာတင်သွင်းသူသည် ၎င်းကိုယ်တိုင်ကိုယ်ကျ သိရှိခြင်းမရှိဘဲ ခိုင်လုံမှုမရှိသည့် ဆန့်ကျင်ဘက် အရင်းအမြစ်များကိုသာ အလွယ်တကူရည်ညွှန်းပြီး လုပ်ပိုင်ခွင့်ကို တလွဲသုံးလျက် မြန်မာအစိုးရသည် နိုင်ငံတကာပြစ်မှုများကျူးလွန်ကြောင်းကိုသာ အကြိမ်ကြိမ်စွပ်စွဲမှုများ ပြုလုပ်လျက်ရှိသည်။ ၎င်းသည် ကုလသမဂ္ဂ၏ အခွင့်အာဏာကို ကျော်လွန်လျက် NUG အကြမ်းဖက်အဖွဲ့ကို အသိအမှတ်ပြုရေး လူသိရှင်ကြားဆော်ဩနေသည့်အပြင် ကလေးသူငယ် ၈၈ ဦးအပါအဝင် လက်နက်မဲ့ပြည်သူ ၃၈၀၀ ကိုရက်စက်စွာသတ်ဖြတ်ခဲ့သည့် NUG နှင့် PDFs အကြမ်းဖက်များ၏ အကြမ်းဖက်မှုများကို ဖုံးကွယ်ခြင်းဖြင့် နိုင်ငံတကာကို လိမ်လည်လှည့်ဖျားလျက်ရှိသည်။ မျက်လုံးကိုအဝတ်ဖြင့်စည်းခံရသည့် အမျိုးသမီးဆရာမ (၂)ဦးက အသက်ကို ချမ်းသာပေးရန်တောင်းပန်နေသည့်ကြားမှ PDFs အကြမ်းဖက်သမားများက ငဲ့ညှာမှုကင်းစွာဖြင့် သတ်ဖြတ်သည့် ဗီဒီယိုမှာအွန်လိုင်းတွင် ကျယ်ပြန့်စွာ ပျံ့နှံ့နေသည့်တိုင် အထူးအစီရင်ခံစာတင်သွင်းသူက မျက်ကွယ်ပြုခဲ့သည်။ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မင်းရွာမှ ကျောင်းအုပ် ဆရာမတစ်ဦးနှင့် ဆရာမ တစ်ဦးတို့ ၁၈-၈-၂၀၂၂ ရက်တွင် သတ်ဖြတ်ခံခဲ့ရသည့်ဖြစ်စဉ်မှာ တစ်ကြိမ်တစ်ခါတည်း ဖြစ်ပွားခဲ့သည့်ကိစ္စမဟုတ်ပါ။ ၂၃-၈-၂၀၂၂ ရက်တွင် မန္တလေးမြို့၌ (၈)နှစ်အရွယ်သမီးငယ်ကို ကျောင်းပို့ပြီး ပြန်လာသောမိဘနှစ်ဦးမှာလည်း PDFs အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် မမှန်မကန်ဇာတ်လမ်းအားလုံးကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းလိုလားသော ဇာတ်ကြောင်းနှင့် ဆန့်ကျင်သည့်အချက်အလက်များကို ချန်လှပ်ထားသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ NUG အကြမ်းဖက်သမားများက လူပေါင်း ၂၀ ကျော်ကို ကြောက်မက်ဖွယ်သတ်ဖြတ်ခဲ့သည့်ကိစ္စမျိုးကိုမူ ထည့်သွင်းဖော်ပြခြင်း မပြုခဲ့ပါ။ ယင်းတို့မှာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆောင်ရွက်သူများက အထူးဖုံးကွယ်ထားသည့် အခြားသောအမှုပေါင်း ၃၈၀၀ အနက်မှ အနည်းငယ်သော ဖြစ်စဉ်များဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဘက်ပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ရန်အတွက် အချို့သောအနောက်နိုင်ငံများထံမှ ပံ့ပိုးမှုအမျိုးမျိုးရရှိထားသော အဖွဲ့အစည်းများနှင့် မီဒီယာများ၏ စာရွက်စာတမ်းများနည်းတူ လှုံ့ဆော်သည့်အစီရင်ခံစာဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် မဟာမင်းကြီးရုံးသည် မြန်မာနိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်ကို တားဆီးပိတ်ပင်ရန် ရည်ရွယ်၍ နိုင်ငံပိုင်လုပ်ငန်းများအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများ ဆောင်ရွက်ရန်တောင်းဆိုထားပြီး ယင်းမှာ စင်စစ်တွင် ပြည်သူလူထု၏လူနေမှုဘဝအပေါ် သက်ရောက်စေမည်ဖြစ်သည်။ မဟာမင်းကြီးရုံးသည် ယင်းကိုဖုံးကွယ်ရန် မည်မျှပင်ကြိုးပမ်းစေကာမူ စီးပွားရေးအရပိတ်ဆို့မှုများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ထိခိုက်မှသာ ယင်းပိတ်ဆို့မှုများ ထိရောက်သည်ဆိုသည့်အချက်မှာ အများပြည်သူအသိပင်ဖြစ်သည်။

အလားတူ လူ့အခွင့်အရေးဆိုင်ရာ ခေတ္တမဟာမင်းကြီးသည်လည်း မြန်မာအစိုးရအပေါ် တစ်ဖက်သတ် စွပ်စွဲချက်များဖြင့် ချဲ့ကားပြောကြားခဲ့သော်လည်း အပြန်အလှန်ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ ပါဝင်တက်ရောက်ခွင့်၊ ခုခံချေပခွင့်ကို ရည်ရွယ်ချက်ရှိရှိဖြင့် ချန်လှပ်ခဲ့သည်။ ခေတ္တမဟာမင်းကြီးက နိုင်ငံအတွင်း အချို့သောထိတွေ့မှု ဖြစ်စဉ်များကိုပြောကြားခဲ့ရာတွင် တိုင်းရင်းသားဒေသအချို့ရှိ လက်နက်ကိုင်အဖွဲ့များ၏ အကူအညီဖြင့် NUG နှင့် PDFs အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများအပေါ် ဆိုးရွားစွာကျူးလွန်မှုများကို ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခဲ့သည်။ ယင်းသို့ လက်နက်ကိုင်အဖွဲ့များ မရှိသည့်နေရာများတွင် တည်ငြိမ်အေးချမ်းလျက်ရှိသည်ကို ငြင်းပယ်၍မရကြောင်း အလေးထားဖော်ပြအပ်သည်။ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၅ ခုနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်း ၂၆ ခု ရုံးလည်ပတ်လျက်ရှိရာ လူသားချင်းစာနာမှု အကူအညီများပေးအပ်ခွင့်ငြင်းပယ်ခံရကြောင်း စွပ်စွဲချက်မှာယုတ္တိမရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် အတည်ပြုပြီးသော နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသော်လည်း “ရိုဟင်ဂျာ” အသုံးအနှုန်းကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ အသိအမှတ်မပြုကြောင်းဖော်ပြအပ်သည်။

လူ့အခွင့်အရေးကောင်စီ၏မူများနှင့်အညီ ရပ်တည်သည့်နိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ လူ့အခွင့်အရေးကောင်စီ၏ (၅၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သော မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် ချို့ယွင်းချက်များဖြင့် အစီရင်ခံစာများ၊ တင်ပြချက်များနှင့် နိုင်ငံအချို့၏ စွက်ဖက်ပြောကြားချက်များကို မြန်မာနိုင်ငံက ရှုတ်ချပြီး ပြတ်သားစွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်**

*စာမျက်နှာ ၁၀ မှ*

စာသင်ကြားခြင်းကနေ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ၊ ဆန်းသစ်တီထွင်မှုတွေ၊ လူမှုကျင့်ဝတ်စတဲ့ အနှစ်သာရတွေပါမှ အရည်အသွေးရှိတဲ့ပညာရေး ရရှိပါလိမ့်မယ်။ စာမေးပွဲအောင်ဖို့ သက်သက်ဆိုရင်တော့ စာသင်တာပဲ ဖြစ်ပါလိမ့်မယ်။ ကြက်တူရွေး စာသင်တာကို ပညာသင်ကြားတာလို့ ပြောဖို့ခက်ပါတယ်။

ဆရာတွေဆိုတာကလည်း စာသင်ကြားပေးသူသက်သက် မဟုတ်ပါဘူး။ တပည့်တစ်ယောက် စာသင်ခန်းထဲနေ လက်တွေ့ဘဝထဲအထိ အသုံးချကြရမယ့် ပညာရဲ့ အရည်အသွေးတွေကို သင်ပေးလိုက်၊ ပဲ့ပြင်ဆုံးမပေးလိုက်ကြပါတယ်။ ကျောင်းသားတွေအနေနဲ့ ဆက်လျှောက်ရမယ့် ဘဝတွေကို ဘယ်လိုရွေးချယ်ကြမယ်၊ ဘယ်လိုပုံစံနဲ့ လျှောက်လှမ်းကြမယ်၊ ဘယ်လိုအတွေးအမြင်တွေနဲ့ ရပ်တည်ကြမယ်၊ လူမှုကျင့်ဝတ်တွေ ဘယ်လိုလိုက်နာကြရမယ်ဆိုတာကို ငယ်စဉ်ကတည်းက ကျောင်းမှာ သင်ကြားပေးလိုက်ပါတယ်။ ဒါမှ ဗလငါးတန်နဲ့ ပြည့်စုံတဲ့ မျိုးဆက်သစ်တွေဖြစ်လာပြီး အကျိုးသက်ရောက်မှုတွေကလည်း ကောင်းမွန်လာမှာဖြစ်ပါတယ်။

**စိန်ခေါ်မှုများ**

ပညာရေးရဲ့ အဓိကစိန်ခေါ်မှုတစ်ရပ်ကတော့ ကမ္ဘာမှာ အရည်အသွေးပြည့်ဝတဲ့ ဆရာတွေ လျော့နည်းလာခြင်းလို့ ယူနက်စကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်နဲ့ နိုင်ငံတကာပညာရေးအဖွဲ့တို့ရဲ့ ပူးတွဲထုတ်ပြန်ချက်မှာ တွေ့ရပါတယ်။ ကမ္ဘာတစ်ဝန်း ဆရာခန့်ထားမှုမှာ လုံလောက်မှုမရှိသလို ညီမျှမှုလည်း မရှိဘူးလို့ဆိုပါတယ်။ အခြားတစ်ဖက်မှာ မျှတတဲ့သင်ကြားရေးဖြစ်လာဖို့အတွက် ပညာရေးစနစ်တွေအနေနဲ့ အထူးသဖြင့် ကလေးငယ်တွေနဲ့ မူလတန်းပညာရေးတွေမှာ အမျိုးသားဆရာတွေကို မဆွဲဆောင်နိုင်ကြောင်း၊ ဒ့ါအပြင် ဆရာခန့်ထားမှု မညီမျှတဲ့အတွက် ကျေးလက်နဲ့ ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာ ဆရာမလုံလောက်တဲ့ စိန်ခေါ်မှုတွေရှိနေကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။

အခြားစိန်ခေါ်မှုတစ်ခုကတော့ ဆရာအများစုဟာ သူတို့ရဲ့ လုပ်ငန်းသက်တမ်းတစ်လျှောက် အရည်အသွေးပြည့်ဝတဲ့ လေ့ကျင့်သင်ကြားမှုတွေနဲ့ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း တိုးတက်မှုဆိုင်ရာအခွင့်အလမ်း မရရှိခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ဆရာများစွာရဲ့ လုပ်ငန်းခွင်အခြေအနေဟာ ပြည့်စုံမှုမရှိတဲ့အပြင် လုပ်ငန်းအပေါ် စိတ်ဝင်စားမှုကို ထိခိုက်နေခြင်းဖြစ်ပါတယ်။ စိန်ခေါ်မှုတွေထဲက နောက်ဆုံးဖော်ပြထားတဲ့အချက်ကတော့ ဆရာတွေရဲ့ ဦးဆောင်နိုင်မှုနဲ့ ဆန်းသစ်တီထွင်နိုင်စွမ်းကို အားပေးသင့်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ပိုပြီထိရောက်စွာ စုစည်းအသုံးချသင့်ကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။

**ပြုပြင်ပြောင်းလဲမှု**

ကိုဗစ်ကပ်ရောဂါကြောင့် ပညာရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့နဲ့ အရည်အသွေးရှိတဲ့ ပညာရေးဖြစ်ဖို့အတွက် ဆရာတွေဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါပေမယ့်လည်း ဆရာတွေရဲ့ကဏ္ဍတစ်ခုတည်းနဲ့ မလုံလောက်နိုင်ပါဘူး။ ပညာရေးဆိုင်ရာ မူဝါဒတွေ၊ အဆင့်ဆင့်အကောင်အထည်ဖော်မှု၊ လူမှုအဖွဲ့အစည်း စတာတွေပါ ဟန်ချက်ညီပေါင်းစပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒ့ါအပြင် အထက်မှာဖော်ပြခဲ့သလို ဆရာများရဲ့ အခန်းကဏ္ဍဆိုင်ရာ စိန်ခေါ်မှုတွေကို ပြုပြင်ပြောင်းလဲမှသာ ဟန်ချက်ညီ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ ဆရာတွေဟာ ဘဝတွေကို ပိုမိုတိုးတက်ကောင်းမွန်ဖို့ ပြောင်းလဲပေးနိုင်တဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝတွေနဲ့ နိုင်ငံ့အနာဂတ် တိုးတက်ကောင်းမွန်ဖို့ဆိုရင် ဆရာတွေရဲ့ ပြောင်းလဲပေးနိုင်တဲ့စွမ်းရည် ပိုမိုထက်မြက်လာအောင် မြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား–**

**World Teachers’ Day 2022၊ The transformation of education begins with teachers၊ Concept note**

# အရည်အသွေးပြည့်ဝသည့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးတည်းဖြတ်နည်းသင်တန်းဆင်းလက်မှတ်များ ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၄**

ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၂/၂၀၂၂) ဆင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ သင်တန်းသား ၂၁ ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူအား ပြန်ကြားပေးခြင်းနှင့် ပြည်သူနှင့် ဆက်ဆံအသိပညာပေးဆက်ဆံရာ၌ သတင်းနှင့် ဓာတ်ပုံပညာမှာ အရေးပါသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိဌာနနှင့်နိုင်ငံအတွက် အကျိုးပြုသတင်းဓာတ်ပုံများ ရိုက်ကူးထုတ်လုပ်ရန် ယခုသင်တန်းမှ အထောက်အပံ့ကောင်းများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။(ယာပုံ)

ဆက်လက်၍ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် သင်တန်းကာလ ကိုးရက်တွင် လက်တွေ့ ကွင်းဆင်းရိုက်ကူးခဲ့သော ဓာတ်ပုံများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဓာတ်ပုံ ရိုက်ကူးနည်းသင်တန်းတွင် ဓာတ်ပုံပညာရှင်က ဓာတ်ပုံရိုက်ကူးနည်းများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်နေသောလုပ်ငန်းစဉ်များ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များ၊ ရုပ်ရှင်နှင့်ဗီဒီယို ကြီးကြပ်ရေးလုပ်ငန်းများ၊ ဓာတ်ပုံပြိုင်ပွဲဝင်ရောက်ရာ၌ ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များနှင့် သင်ခန်းစာများ ပြန်လည်ဆွေးခြင်းတို့ကို ဓာတ်ပုံပညာရှင်နှင့် သင်တန်းဆရာတို့က သင်ကြားပေးကြောင်း သိရသည်။



**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

# ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှစေတီတော်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

**နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှစေတီတော်၌ကျင်းပရာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အရှင်သူမြတ်အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့်၎င်းတို့၏ဇနီးများ၊ နေပြည်တော်သာသနာရေး ဦးစီးဌာန သာသနာရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ဆီမီးနှင့် ရေချမ်းဆက်ကပ်ပူဇော်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အခမ်းအနားမှူးက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာများ လျှောက်ထားပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆရာတော်သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ် (**အပေါ်ယံပုံ**)၊ ပဋ္ဌာန်းပရိတ်ပန်းအိုးနှင့် ပရိတ်ရေများ ဆက်ကပ်ပူဇော်ကြသည်။



ယင်းနောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော် သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၈ ရက် အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကိုကို(ပြန်/ဆက်)**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်၊ ကွတ်ခိုင်မြို့ရှိ ဇေယျာသုခတပ်ဦးကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ သစ်စည်းတောင် ပရိယတ္တိ သာသနာ့အေးရိပ်သာ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာရှိ ရွာဦးအောင် ကျောင်းတိုက်၊ သန်လျင်မြို့နယ် ငပကျေးရွာရှိ လင်းရောင်ခြည် ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ ကျိုက်ထီးရိုးလေး ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မစိုးရိမ်ကျောင်းတိုက်၊ ပုသိမ်မြို့ရှိ ကျွန်းခြားကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဆုတောင်းပြည့် ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ရှိ ရတနာအောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်း၊ မြောက်ဦးမြို့ တပ်ဦး ဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ မိတ္ထီလာမြို့နယ်ရှိ ဆည်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ရမည်းသင်းမြို့နယ် ရွှေနန်းပေါ် ကျေးရွာရှိ ရွှေမြင်တင်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ပရဟိတစပယ်ဦး သီလရှင်ကျောင်း၊ မင်းလှမြို့ရှိ ကုန်းကြီးကျေးရွာဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းကြသည်။

**ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများလှူဒါန်း**

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော် ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိဗုဒ္ဓဂါယာ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူ ကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံး ပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်း ကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံ(ညောင်ပင်သာ) ပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာနန္ဒိသေနာ ရာမ ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ တောင်ခွင်မင်းကြီး ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမရွှေဂူ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ နောင်အင် ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့ နယ်ရှိ သစ္စာတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းဆတ်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ထောက်ပံ့လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ ဝါတွင်းကာလ၌ ဝါဆိုသံဃာတော်များအား ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေး အတွက် ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ကုလားပဲ အစရှိသည်များကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် သာသနာရေးဦးစီးဌာနမှ ခရိုင်သာသနာရေးမှူး ဦးမျိုးမင်းလတ်တို့သည် မိုင်းဆတ်မြို့နယ်ကျဒယ်ရပ်ကွက်ရှိ သဗ္ဗညု ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း သို့ ဆန်၊ ဆီနှင့် ကုလားပဲ စသည့် လှူဖွယ်ပစ္စည်းများအား သွားရောက်ထောက်ပံ့ လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**



## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ၂၀၂၂ ခုနှစ် ရူပဗေဒ နိုဗယ်ဆုကို နိုင်ငံသုံးနိုင်ငံမှ သိပ္ပံပညာရှင်များ ပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၄**


ပြင်သစ်နိုင်ငံမှ အလိန်းအက်စ်ပက်တ်၊ အမေရိကန်ပြည်ထောင်စုမှ ဂျွန်အက်ဖ်ကလူဆာနှင့် သြစတြီးယားမှ ဇီလင်ဂါတို့သည် ကွမ်တမ်သတင်းအချက်အလက် သိပ္ပံဖြင့် ၂၀၂၂ ခုနှစ် ရူပဗေဒ နိုဗယ်ဆုကို ပူးတွဲရရှိခဲ့ကြောင်း တော်ဝင်ဆွီဒင် သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၄ ရက်၌ ကြေညာလိုက်သည်။

ရှုပ်ထွေးနေသော ဖိုတွန်စမ်းသပ်မှုများ၊ ဘဲလ်မညီမျှမှုကို လိုက်နာခြင်းမရှိပုံကို ဖော်ထုတ်နိုင်ခြင်းနှင့် ကွမ်တမ်သတင်းအချက်အလက် သိပ္ပံဆိုင်ရာ နယ်ပယ်သစ်ချဲ့ထွင်ခြင်းတို့တွင် ထူးချွန်ပြောင်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ၎င်းတို့ကို ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း အကယ်ဒမီက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

ကွမ်တမ်မက္ကင်းနစ်များ၏ ပြောမပြတတ်နိုင်သော အကျိုးသက်ရောက်မှုများသည် အက်ပလီကေးရှင်းများကို ရှာဖွေရာတွင် အသုံးဝင်နေပြီဖြစ်သည်။ ယခုအခါတွင် ကွမ်တမ်ကွန်ပျူတာများ၊ ကွမ်တမ်ကွန်ရက်များနှင့် စိတ်ချရသော ကွမ်တမ်ကုဒ်စနစ် ဆက်သွယ်ရေးများ ပါဝင်သော သုတေသနနယ်ပယ်ကြီးတစ်ခု တည်ရှိနေပြီဖြစ်သည်။

ပြင်သစ်နိုင်ငံ အေဂျင်တွင် ၁၉၄၇ ခုနှစ်က မွေးဖွားခဲ့သော အက်စ်ပက်တ်သည် ပဲရစ်-ဆက်ကလေး တက္ကသိုလ်တွင် ပါမောက္ခတစ်ဦးဖြစ်သည်။ ကလူဆာသည် အသက် ၈၀ နှစ်ရှိပြီဖြစ်ကာ အမေရိကန်ပြည်ထောင်စု၏ ဂျေအက်ဖ် ကလူဆာနှင့် အဆိုစီအိတ်တွင် ရူပဗေဒသုတေသီတစ်ဦး ဖြစ်သည်။ အသက် ၇၇ နှစ်ရှိ ဇီလင်ဂါသည် ဗီယင်နာတက္ကသိုလ်တွင် ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ယခုနှစ် ရူပဗေဒ နိုဗယ်ဆုသည် ဆွီဒင် ခရိုနာ ၁၀ သန်းရှိပြီး ဆုရရှိသူများ ခွဲဝေယူရမည်ဖြစ်သည်။

**ဆင်ဟွာ**




၂၀၂၂ ခုနှစ် ရူပဗေဒ နိုဗယ်ဆုရရှိခဲ့သော နိုင်ငံသုံးနိုင်ငံမှ သိပ္ပံပညာရှင်များကို တွေ့ရစဉ်။

# အားပြင်းသော မုန်တိုင်း နိုရူတိုက်ခတ်မှုကြောင့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ရေကြီးရေလျှံမှုဖြစ်ပွား

**တိုကျို အောက်တိုဘာ ၄**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိ ပြည်နယ်များတွင် အားပြင်းသော မုန်တိုင်း နိုရူ တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားရာ ရှစ်ဦးထက်မနည်း သေဆုံးကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် သီတင်းပတ်တွင် တိုက်ခတ်ခဲ့သော နိုရူမုန်တိုင်းမှာ ဗီယက်နမ်နိုင်ငံ၌ နှစ် ၂၀ အတွင်း တိုက်ခတ်သည့် အားအပြင်းဆုံး မုန်တိုင်းတစ်ခုဖြစ်ကြောင်း ဒေသဆိုင်ရာ မိုးလေဝသအာဏာပိုင်များက ပြောသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် အဆိုပါမုန်တိုင်း တိုက်ခတ်ပြီးနောက် အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားကာ အဆောက်အအုံ ၁၇၀၀၀ ကျော် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။




စက်တင်ဘာ ၂၈ ရက်က ဗီယက်နမ်နိုင်ငံ ဒါနောင်းမြို့တွင် တိုင်ဖွန်းနိုရူဝင်ရောက်ပြီးနောက် မိုးသက်လေပြင်း ကျရောက်မှုကို တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း မိုးရာသီမှာ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကြာမြင့်သည်ဟု သိရသည်။ နောက်ထပ်အပူပိုင်း မုန်တိုင်းက ယခုလအတွင်း ပြင်းထန်သော အခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် ပြည်သူများအား သတိဝီရိယရှိကြရန် တိုက်တွန်း နှိုးဆော်ထားကြောင်း ဗီယက်နမ် အာဏာပိုင်များက ပြောသည်။

ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသအများအပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွားကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံ၏ ပြည်နယ်များအနက် သုံးပုံ-တစ်ပုံနီးပါးမှာ ရေလွှမ်းမှုဖြစ်ပွားခဲ့ပြီး လွန်ခဲ့သည့် တစ်ပတ်အတွင်း သုံးဦးသေဆုံးခဲ့ကြောင်း အစိုးရက ပြောသည်။ ထိုင်းနိုင်ငံ၏ မြို့တော် ဘန်ကောက်တွင်လည်း ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ပြီး အဆောက်အအုံများနှင့် ယာဉ်များ ရေမြုပ်လုနီးပါးဖြစ်ခဲ့ကြောင်း သိရသည်။

ဘန်ကောက်မြို့ ဝန်းကျင်ရှိ ရေမျက်နှာပြင်မှာ လာမည့်ရက်များအတွင်း ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၁၄၆ ဦးတွေ့ရှိ၊ နှစ်ဦး သေဆုံး



**စင်ကာပူ အောက်တိုဘာ ၄**

စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၁၄၆ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၉၂၄၁၃၉ ဦးအထိ ရှိလာပြီဖြစ်သည်။

အဆိုပါ ကူးစက်ခံရသူများအနက် ၄၄၄ ဦးမှာ ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၆၇၀၂ ဦးမှာ အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

စင်ကာပူနိုင်ငံ၌ လက်ရှိဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေရသူ ၃၂၅ ဦးရှိပြီး ၁၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။

အောက်တိုဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၆၂၄ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ အအေးလှိုင်းသတိပေးချက်ထုတ်ပြန်

**ပေကျင်း အောက်တိုဘာ ၄**

တရုတ်နိုင်ငံ မိုးလေဝသအာဏာပိုင်များက နိုင်ငံတစ်ဝန်း ရုတ်တရက် အပူချိန်ကြီးမားစွာ ကျဆင်းနိုင်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားပြီး အောက်တိုဘာ ၄ ရက်က အအေးလှိုင်းသတိပေးချက် ထုတ်ပြန်လိုက်သည်။

တရုတ်နိုင်ငံ တောင်ပိုင်းဒေသများတွင် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ အပူချိန်သည် ၆ ဒီဂရီဆဲလ်စီးယပ်စ်မှ ၁၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ထိုးကျနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟူနန်၊ ကျန်ရှီး၊ ရှီကျန်း၊ ကွမ်ကျိုနှင့် ဖူကျန်းဒေသများတွင် အပူချိန်သည် ၁၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ ကျဆင်းနိုင်ကြောင်း သိရသည်။

လေပြင်းများသည် ဘိုဟိုင်းရေလက်ကြား၊ မြစ်ဝါဒေသ အတော်များများနှင့် အရှေ့တရုတ်ပင်လယ် အနောက်မြောက်ပိုင်းဒေသများတွင် တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ အမျိုးသား မိုးလေဝသဌာနက ပြည်သူများကို ရာသီဥတုရုတ်တရက်ပြောင်းလဲမှုများကို ကြိုတင်ကာကွယ်မှုများပြုလုပ်ထားကြရန်နှင့် လေပြင်းတိုက်ခတ်မှုများကို ခံနိုင်ရန် ယာယီနှင့် အထပ်မြင့်အဆောက်အအုံများကို ခိုင်မာအောင် လုပ်ဆောင်ထားရန် အကြံပေးထားသည်။

**ဆင်ဟွာ**

# ကျောင်းသား ကျောင်းသူ နောက်ထပ်တစ်သန်းအတွက် နေ့လယ်စာထောက်ပံ့ရန် သီရိလင်္ကာအစိုးရ ဆုံးဖြတ်

**ကိုလံဘို အောက်တိုဘာ ၄**

သီရိလင်္ကာအစိုးရသည် ကျောင်းသား ကျောင်းသူ နောက်ထပ်တစ်သန်းအတွက် နေ့လယ်စာကျွေးမွေးထောက်ပံ့ရန် ဆုံးဖြတ်လိုက်ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘန်ဒူလာ ဂွန်နာဝါဒီနာ က အောက်တိုဘာ ၄ ရက်တွင် ပြောသည်။

သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခရမ်ဆင်ဂေး တင်သွင်းသော အဆိုပြုချက်ကို အစိုးရအဖွဲ့ဝန်ကြီးများက အောက်တိုဘာ ၃ ရက်တွင် အတည်ပြုကြောင်း ၎င်းက ပြောသည်။ အဆိုပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ချက်ချင်းအကောင်အထည်ဖော်သွားမည်ဟု သိရသည်။

ထို့ပြင် မကြာသေးမီလများအတွင်း သီရိလင်္ကာနိုင်ငံရှိ ကျောင်းသား ကျောင်းသူများ၏ အစာအာဟာရနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများစွာ ရှိခဲ့ကြောင်း၊ စီးပွားရေးကျပ်တည်းမှုများကြောင့် ကျောင်းသား ကျောင်းသူ အများစုမှာ နံနက်စာ စားသောက်ခြင်းမပြုဘဲ ကျောင်းသို့ လာခဲ့ရကြောင်းနှင့် ထိုကဲ့သို့ နေ့လယ်စာကျွေးမွေးထောက်ပံ့ခြင်းက စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

ကျောင်းသား ကျောင်းသူ ၁ ဒသမ ၀၈ သန်းကို သီရိလင်္ကာအစိုးရက နေ့လယ်စာအတွက် ထောက်ပံ့ထားပြီးဖြစ်ရာ နှစ်စဉ်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ သန်း ရှိကြောင်း သိရသည်။ ထို့အပြင် နောက်ထပ် ကျောင်းသား ကျောင်းသူ တစ်သန်း၏ နေ့လယ်စာအတွက် အစိုးရက ထောက်ပံ့သော ကုန်ကျစရိတ်သည် နှစ်ဆခန့် ဖြစ်လာဖွယ်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅ -၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၇၃၅ |
| 95 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၂၀၀၀ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၇၉၀ | ၃၄၁၀ |
| HSD (50 ppm) | ၂၅၆၅ | ၂၆၀၅ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၅ | ၂၆၄၅ | ၂၈၆၅ | ၃၄၄၀ |
| HSD (10 ppm) | ၂၅၆၅ | ၂၆၀၅ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၅ | ၂၆၄၅ | ၂၈၆၅ | ၃၄၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၇ | ၁၈၅၆ |
| 95 Ron | ၁၈၅၂ | ၁၉၂၂ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၅၂ |
| HSD (50 ppm) | ၂၄၄၆ | ၂၅၂၄ |
| HSD (10 ppm) | ၂၄၄၆ | ၂၅၂၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

### ပျော်ဘွယ်မြို့ အာယုသုခ အောက်ဆီဂျင်စက်ရုံလည်ပတ်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ကြည့်ရှု

ပျော်ဘွယ် အောက်တိုဘာ ၄

ပျော်ဘွယ်မြို့၌ တည်ဆောက်ခဲ့သည့် အာယုသုခအောက်ဆီဂျင် စက်ရုံလည်ပတ်နေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အောက်တိုဘာ ၃ ရက်တွင် ရွှေပြည်ရန်အောင်ရပ်ကွက် အိုးအိမ်ဝန်ထမ်းအိမ်ရာအနီးရှိ အဆိုပါစက်ရုံအတွင်း၌ ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့သည် အောက်ဆီဂျင်စက်လည်ပတ်နေမှုအခြေအနေများ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ အောက်ဆီဂျင်ထုတ်ပေးနေမှုများနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။



အာယုသုခ အောက်ဆီဂျင်စက်ရုံသည် မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံလေးခုတို့အတွက် အောက်ဆီဂျင်ကို အခမဲ့ ထောက်ပံ့မှုပေးနေပြီး လုပ်ငန်းရှင်များ လာရောက်ဝယ်ယူပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင် တစ်လုံးလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

### အုတ်တွင်းမြို့နယ် ဟင်းငုပ်ပင်ဂိတ်၌ နှာခေါင်းစည်းကမ်ပိန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

အုတ်တွင်း အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေး နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခြင်းကို ရန်ကုန်- မန္တလေးသွားလမ်း အုတ်တွင်းမြို့အထွက် ဟင်းငုပ်ပင်ဂိတ်နေရာ၌ အောက်တိုဘာ ၃ ရက်က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ၏ဦးဆောင်မှုဖြင့် အဖွဲ့ဝင်(၁)ဗိုလ်မှူးမြင့်ဇော်၊ အဖွဲ့ဝင်(၂) ဦးတင်ယုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ အုတ်တွင်းမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အတွက် လူစည်ကားရာနေရာများတွင် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

### မြို့နယ်များ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံပေး

**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးဖြစ်၍ ခြောက်လနှင့်အထက် ရှိသူများအား စတုတ္ထအကြိမ်မြောက် ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံခြင်းကို အောက်တိုဘာ ၃ ရက်က ကန်ကြီးသာသနာ့ဗိမာန်နှင့် ကော့ပရံကျေးရွာဓမ္မာရုံတွင် ထိုးနှံပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်မှုဖြင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများက မုဒုံမြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမှ ထိုးနှံခြင်းမရှိသူများ၊ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသည့် ရဟန်းသံဃာတော်များ၊ ဝန်ထမ်းများနှင့် ဒေသနေပြည်သူများ ၃၁၅ ဦးအား ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ထိုးနှံပေးခဲ့သည်။ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အများပြည်သူများ ထိုးနှံနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဆေးထိုးစုရပ်များ၌ အပတ်စဉ် တနင်္လာနေ့ နှင့် သောကြာနေ့တိုင်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**သားငယ်(ပြန်/ဆက်)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ပြည်သူများ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းကို ယနေ့နံနက်ပိုင်းက သတ်မှတ်စုရပ်များ၌ ထိုးနှံပေးရာ ၆၃၆၇၅၆ ဦး ထိုးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။

ထို့ပြင် ဝေးလံသည့်ဒေသများနှင့် လာရောက်ဆေးထိုးရန် မလွယ်ကူသည့် နေရာဒေသများသို့လည်း နယ်လှည့် ကိုဗစ် ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် သွားရောက်ထိုးနှံပေးလျက်ရှိကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦးရှိ

**(၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၁၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၁၆,၉၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၄,၆၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၉၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၇ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကို လည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ် **(ယာပုံ)** ၌ ဒေသခံပြည်သူ ၃၀၇ ဦး၊ ရှောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၅၃၆၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၈၂၆ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၆၈၉ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့၌ ဒေသခံပြည်သူ ၂၆၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၈၈၄ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ထူးခြားရတနာ

ညိုထွန်းလွင်

**ရတနာလို့ပြောကြရင် ရတနာတို့၏ အထွတ်အမြတ်ဆုံးအဖြစ် ကျွန်တော် ခံယူသိရှိထားတဲ့ ရတနာက "ဘုရားရတနာ" ပါ။ အဲဒီကနေ ဒုတိယအထွတ်အမြတ် ရတနာအဖြစ် "တရားရတနာ"၊ တတိယအထွတ်အမြတ်ရတနာကတော့ "သံဃာရတနာ" ပါပဲ။ ကျွန်တော်ဦးတည်ရေးသားလိုတာက "ထူးခြားရတနာ" ဆင်ရတနာဆိုတဲ့အထဲက "ဆင်ဖြူတော်ရတနာ" အကြောင်းပါ။**



"ဆင်ဖြူတော်ရတနာ" နဲ့ပတ်သက်ပြီး ၂၃-၇-၂၀၂၂ ရက်နေ့၊ မင်္ဂလာနံနက် ၀၆:၃၀ နာရီအချိန် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ဝါခေါင်လဆုတ် ၁၄ ရက် အင်္ဂါနေ့မှာပဲ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်း(သစ်တောဌာန)မှာ မိခင်ဆင်မကြီး "ဇာနန်းလှ" (၃၃ နှစ်)မှ အရပ် နှစ်ပေ ခြောက်လက်မ၊ လုံးပတ် သုံးပေ နှစ်လက်မ၊ အလေးချိန်ပေါင် ၂၀၀ ရှိတဲ့ ဆင်ဖြူတော်ရဲ့ ကြန်အင်လက္ခဏာတို့ဟာ ထိပ်ဆုံးမှာရှိတဲ့ ဆင်ဖြူတော် အထီးလေးကို မွေးဖွားသန့်စင်ပေးလိုက်တဲ့သတင်းကြားသိရမှုပါပဲ။ အခုဆိုရင် သုံးလသားအရွယ် ပေါင် ၂၅၀ ခန့်ရှိနေပါပြီ။

## မဟာအဆွေတော်

ဒါဟာ အင်မတန်လေးနက်ထူးခြားတဲ့ သတင်းကောင်းတစ်ခုပါ။ သာမန်အားဖြင့် ဆင်ဖြူတော် ရရှိလာဖို့ရာ သာမန်ဆင် ၁၀၀၀၀ မျှမှာ တစ်ကောင်မျှ ဖြစ်ခဲလှတယ်ဆိုတာ လေ့လာသိရှိရဖူးပါတယ်။ နောက် အထီးကလေး။ နိုင်ငံက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" မှာပါ။ "မြန်မာ-Myanmar" အသံထွက်ဝေါဟာရ၊ မြန်မာ - အင်္ဂလိပ်လိုပါ။ ဒီနေရာမှာ ဘာထူးခြားလို့လဲမေးရင် ဆင်ဖြူတော်လေးဟာ "အင်္ဂါသား"၊ "အဖြူရောင်"။ ဗေဒင်ကိန်းခန်းအရ "ဦးသာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ" မိတ်ဓာတ်၊ "မြန်မာ"ဆိုတဲ့ နိုင်ငံတော်ရဲ့ မဟာမိတ်ဓာတ်ကြီးလို့ ယူဆရင်လည်း မြန်မာနိုင်ငံတော်ရဲ့ ထူးခြားလှတဲ့ "ထူးခြားရတနာ" မဟာအဆွေတော် ဆင်ဖြူတော်ရယ်လို့ တင်စားဖွဲ့ဆိုနိုင်ပါတယ်။

ကျွန်တော် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ရှိရာသို့ ဦးခိုက်ဖူးမြော်ရင်း ထူးခြားရတနာ "ဆင်ဖြူတော်များ"ထားရှိရာသို့ အရောက်သွားခဲ့ပါတယ်။ မကြာမီရောက်လာထားရှိမယ့် "ဆင်ဖြူတော်ဆောင်" ကို ရောက်ခဲ့ပါတယ်။ စေတီတော်အရှေ့ဘက်မုခ် ကားလမ်းမကြီးခြားလျက် အရှေ့ဘက်ခြမ်းမှာ ဆင်ဖြူတော်ခန်းမအဆောင်ကြီးကို ရောက်လာပါတယ်။ အဆောင်ကြီး တိုးချဲ့တည်ဆောက်ဖို့ တာဝန်ရှိကြသူအဆင့်ဆင့်က စီစဉ်နေတာ သိရပါတယ်။

## ဆင်ဖြူတော်များ

ဆင်ဖြူတော်တွေအကြောင်း လေ့လာရာမှာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါတယ် -

(၁) နန္ဒဝတီ (Nanba Waddy) ခန့်မှန်း ၁၉၉၂ ခုနှစ်ဖွား၊ ၃၀ နှစ်၊ ဆင်ဖြူတော်အမ။

(၂) ဟေမဝတီ (Haymar Waddy) ခန့်မှန်း ၁၉၉၆ ခုနှစ်ဖွား၊ ၂၆ နှစ်၊ ဆင်ဖြူတော်အမ။

(၃) ငွေဆဒ္ဒန် (Ngwe Saddan) ခန့်မှန်း ၂၀၀၇ ခုနှစ်ဖွား၊ ၁၅ နှစ်၊ ဆင်ဖြူတော်အထီး။

(၄) သီရိမာလာ (Thiri Marlar) ခန့်မှန်း ၂၀၀၈ ခုနှစ်ဖွား၊ ၁၄ နှစ်၊ ဆင်ဖြူတော်အမ။

(၅) ဘဒ္ဒဝတီ (Bhadda Waddy) ခန့်မှန်း ၁၉၇၂ခုနှစ်ဖွား၊ ၅၀ နှစ်၊ ဆင်ဖြူတော်အမ။

(၆) ဇာတကလျာ (Zata Kalyar) ၂၇ - ၁၁- ၂၀၂၂ ခုနှစ်ဖွား၊ ၁၁ နှစ်၊ ဆင်ဖြူတော်

ထူးခြားရတနာအဖြစ် ကျွန်တော်မှတ်တမ်းတင်ချင်တာက "ဇာတကလျာ" ဆင်ဖြူတော်အမလေးနဲ့ အခုထပ်မံမွေးဖွားလာခဲ့တဲ့ ဆင်ဖြူတော်အင်္ဂါသားလေးတို့ပါ။ သူတို့ရဲ့ မွေးနေ့သက္ကရာဇ်ကို အတိအကျသိရှိရပြီး ဇာတကလျာက နေပြည်တော်သူစစ်စစ် ဖြစ်ခဲ့ပါတယ်။ မွေးဖွားခဲ့စဉ်က ခမ်းခမ်းနားနား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လှည့်လည်ပူဇော်ခဲ့ရာမှ ခမ်းနားတင့်တယ်စွာ အမည်ပေးကင်ပွန်းတပ်ခံခဲ့ရပြီး နေပြည်တော်သူ ဆင်ဖြူတော်မလေးအဖြစ် ထူးခြားစွာ ဘုရားစေတီမှာ အခုတိုင် ခစားလျက်ရှိနေပါတယ်။

## ပြုစုစောင့်ရှောက်ထား

နေပြည်တော်မှာ ဆင်ဖြူတော်အမ ငါးစီးနဲ့ အထီး တစ်စီး စုစုပေါင်း ခြောက်စီးရှိပါတယ်။ ဆင်ဖြူတော်ရေချိုးသန့်စင်ရန်နေရာ၊ ကျန်းမာရေးအရ ကျယ်ပြန့်တဲ့သစ်တောလွှတ်ကျင်း၊ လုံခြုံသောခန်းမအဆောင်နေရာကြီးနဲ့ ပြည့်စုံသောအကာအရံတွေနဲ့ ၅၃ ဧကမျှ ကျယ်ဝန်းပြီး သစ်တောဦးစီးဌာနမှ တိရစ္ဆာန်ဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ အရာထမ်း ရှစ်ဦးအပါအဝင် အဆင့်ဆင့်ဖြင့် ဆင်ဖြူတော်တွေကို ပြုစုစောင့်ရှောက်ထားရှိတာ တွေ့ရှိရပါတယ်။

ဆင်ဖြူတော်တွေကို ကျွေးမွေးရာမှာလည်း "ကြံ၊ ထန်းလျက်၊ ဝါးရွက်၊ ထနောင်းရွက်၊ ဂျုံ၊ ဖွဲ၊ ကုလားပဲပြုတ်၊ စပါးပြုတ်၊ မြက် စသည်တို့ဖြစ်ကြပြီး အဓိက မြက်အတွက် ဧက ၂၀ ခန့်နေရာမှာ နေဗီယာမြက်မျိုးစိုက်ပျိုး၍ ကျွေးမွေးကြကြောင်း၊ ဆင်ဖြူတော်အစာဖိုးသည်လည်း အရွယ်အစားကြီးမားမှုကြောင့် နေ့စဉ်တန်ချိုပြီး လစဉ်ခန့်မှန်းငွေ ၂၇ သိန်းနှင့် သိန်း ၃၀ ခန့်ရှိကြောင်း၊ ဆင်ရောဂါများဖြစ်သော အကြောတင်၊ အကြောမျက်၊ ဖက်ခွက်နာ၊ နင်းခူ၊ မျက်စိနာ၊ အစာအိမ်လမ်းကြောင်းနာ၊ လေချုပ်၊ သန်ကောင်ရောဂါများအပြင် ကြိုတင်ကာကွယ်ဆေးအဖြစ် ထောင့်သန်း၊ မေးခိုင်၊ လည်ချောင်းကွဲရောဂါတို့အတွက် ထိုးနှံထားရှိပြီး ဂရုတစိုက် စောင့်ရှောက်ရပါကြောင်း သိရပါတယ်။

## ဗုဒ္ဓဝင်ထဲမှ ဆင်ရတနာ

ထူးခြားရတနာဖြစ်ရတဲ့ အကြောင်းရင်းခံများစွာကို ဆက်လက်ရေးဖွဲ့လိုပါတယ်။ ဗုဒ္ဓဝင်ထဲက ဝေဿန္တရာမင်းကြီးရဲ့ အကြောင်းပါ။ မင်းကြီးဟာ "ပစ္စယ" မည်တွင်ခေါ်တဲ့ ဆင်ဖြူတော်ကို အလှူခံလာတဲ့ ကလိင်္ဂရာဇ်တိုင်းသားတို့နယ်မြေမှာ ရာသီဥတု မမှန်ကန်မှုကြောင့် အစာရေစာငတ်မွတ်ခေါင်းပါးလျက်ရှိရာ အလှူခံလာသူပုဏ္ဏားကိုယ်စားလှယ်တို့ထံ ပေးအပ်လှူဒါန်းခဲ့မှုပါ။ မင်းကြီးအား အမတ်တွေနဲ့တကွ မင်းတိုင်ပင်ခံတို့ရဲ့ ကန့်ကွက်မှုကြောင့် ထီးနန်းစွန့်ခွာပြီး မြိုင်ရပ်ကို နှင်ခြင်းခံခဲ့ရတဲ့ ဘုရားအလောင်းတော်ရဲ့ ဘဝဗုဒ္ဓဝင်ဖြစ်စဉ်အမှန်ပါ။ ဆင်ဖြူတော်ရဲ့တန်ဖိုးဟာ မခန့်မှန်းနိုင်မျှတဲ့အထိ ထူးခြားစွာရှိနေပြီး ဘုရားအလောင်းရဲ့ ပေးဆပ်ဝံ့ရဲမှုကို ကြက်သီးထမျှ ရင်မှာထူးခြားစွာ ခံစားမိပါတယ်။

ထပ်မံထူးခြားတာက ဆင်ဖြူရတနာ ဆဒ္ဒန်ဆင်မင်းရဲ့ ဖြစ်စဉ်ပါ။ ဘုရားလောင်းလျာ ဆင်မင်းသည် ဆင်ဖြူရတနာဖြစ်ပြီး အစွယ်လိုသူမိဖုရား၊ စေခိုင်းသူ မင်းဧကရာဇ်၊ ဘုရားကျွန်တော် သောနုတ္တရ သတ်ရကြောင်း ဝန်ခံမှုအတွက် ဗုဒ္ဓဝင်လာအဆိုအရ မိမိအစွယ်ကိုဖြတ်ပြီး ပေးဆပ်ခဲ့မှုပါ။ အံ့မခန်းထူးခြားမှုပါပဲ။

## ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းထဲမှ ဆင်ရတနာ

"ဆင်ရတနာ၊ မြင်းရတနာ" လို့ ခေါ်ဆိုသမုတ်ခဲ့မှု အပေါ်မှာ ရာဇဝင်ထဲက Alexander the Great ဟာ စစ်ပွဲပေါင်းများစွာကို မြင်းစစ်သည်တွေနဲ့ အောင်နိုင်ခဲ့ရာမှာ အိန္ဒိယစစ်မြေပြင်မှာ အိန္ဒိယစစ်တပ်ရဲ့ ဆင်တပ်ကြောင့် သူ့ရဲ့ မဟာမြင်းတပ် ပျက်စီးပြီး ထိုမင်း ကျဆုံးခဲ့မှု သမိုင်းပါပဲ။ ဒါဟာ "ဆင်ရတနာ"ရဲ့ တန်ဖိုးတစ်ခုပါပဲ။ ဆင်ဆိုသောသတ္တဝါတွေဟာ တစ်ကမ္ဘာလုံးမှာ အာဖရိကနဲ့ အာရှမှာပဲ များစွာရှိနေခြင်းကိုလည်း သတိထားမိပြန်ပါတယ်။ မြန်မာနိုင်ငံသမိုင်းမှာဆိုရင် ဆင်ဖြူတော် တစ်စီးပိုင်မင်းကို "တစ်စီးရှင်"၊ ငါးစီးပိုင်ရှင် "ငါးစီးရှင်"၊ ဆင်ဖြူများစွာပိုင်ရှင် "ဆင်ဖြူများရှင်"ဘွဲ့များ ခံယူခဲ့ကြသည်ကိုလည်း နားလည်ထားမိပါတယ်။ ဆင်တွေရဲ့ သက်တမ်းဟာလည်း ခန့်မှန်းအနှစ် ၁၀၀ မှ ၁၂၀ ခန့်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။

ရှေးက အမိမြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ ဆင်တပ်ဟာ ထိပ်ဆုံးမှာ ဦးဆောင်ခဲ့ပြီး အရှေ့ဘက် ဇင်းမယ်၊ အယုဒ္ဓရ၊ အနောက်ဘက် အာသံ၊ မဏိပူရအထိ ခေါဘဏီတပ်ကြီးတွေနဲ့ ရှေးဘုရင်တို့ အောင်နိုင်မှုရရှိခဲ့ကြောင်း သိရှိခဲ့ရပြန်ပါတယ်။

## အတိတ်နိမိတ်ကောင်းကြီးတစ်ခု

နိဂုံးချုပ်အနေဖြင့် မကြာမီရောက်ရှိလာမယ့် ဆင်ဖြူတော် တစ်စီး (အထီး)အတွက် တာဝန်ရှိသူ နိုင်ငံတော်အကြီးအကဲတွေ၊ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးရဲ့ ဂေါပကအဖွဲ့နဲ့ ဝန်ထမ်းတွေ၊ ဆင်ဖြူတော်ဝန်ထမ်း (သစ်တောဦးစီးဌာန)တွေ၊ ဆင်ဖြူတော်ခန်းမဆောင်ကြီး တိုးချဲ့တည်ဆောက်ရေး၊ အလှူတော်ငွေရရှိရေး၊ ကျွေးမွေးစောင့်ရှောက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက် ရှိကြပါတယ်။

မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မယ့် အမိနိုင်ငံတော်ကြီးအတွက် "ထူးခြားဆင်ဖြူတော်ရတနာ" ဟာ အတိတ်နိမိတ်ကောင်းကြီးတစ်ခုအဖြစ် ကျွန်တော်နဲ့တကွ ပြည်သူတွေ ယုံကြည်စွာရှိနေကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ကိုးကား**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကောင်းမြတ်ချိန်ခါ ဆင်ဖြူတော်ရတနာစာအုပ်မှ အချက်အလက်အချို့ကို မှီငြမ်းကိုးကားပါသည်။**

> **" နေပြည်တော်မှာ ဆင်ဖြူတော်အမ ငါးစီးနဲ့ အထီး တစ်စီး စုစုပေါင်း ခြောက်စီးရှိပါတယ်။ ဆင်ဖြူတော်ရေချိုးသန့်စင်ရန်နေရာ၊ ကျန်းမာရေးအရ ကျယ်ပြန့်တဲ့သစ်တောလွှတ်ကျင်း၊ လုံခြုံသောခန်းမအဆောင်နေရာကြီးနဲ့ ပြည့်စုံသောအကာအရံတွေနဲ့ ၅၃ ဧကမျှ ကျယ်ဝန်းပြီး သစ်တောဦးစီးဌာနမှ တိရစ္ဆာန်ဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ အရာထမ်း ရှစ်ဦးအပါအဝင် အဆင့်ဆင့်ဖြင့် ဆင်ဖြူတော်တွေကို ပြုစုစောင့်ရှောက်ထားရှိတာ တွေ့ရှိရပါတယ် "**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်သူများနှင့်တွေ့ဆုံပြီး ရွှေလုံဗိုလ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကိုသွားရောက်ကြည့်ရှု

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အောက်တိုဘာ ၃ ရက်က စဥ့်ကိုင်မြို့နယ် ကန်တွင်းကျေးရွာရှိ အထွက်ကောင်း စပါးမျိုးများစိုက်ပျိုးထုတ်လုပ်သည့်စိုက်ကွင်းနှင့် ဝါစိုက်ခင်းများသို့ သွားရောက်ကာ တောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံပြီး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်တွင်းကျေးရွာရှိ ရွာဦးကျောင်းသို့ရောက်ရှိကာ ဆရာတော်အား ဖူးမြော်၍ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းရှိ ဓမ္မာရုံ၌ တောင်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးကဏ္ဍနှင့် တောင်သူများကို ဦးစားပေး ပံ့ပိုးကူညီပေးရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက် ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးသီးနှံများကို အထွက်နှုန်း ကောင်းမွန်ရန်အတွက် မျိုးကောင်း မျိုးသန့်ဖြစ်ရန်၊ သွင်းအားစုများ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် စပါးသီးနှံတစ်ကေလျှင် သတ်မှတ်အထွက်နှုန်းထွက်ရှိရေး စံပြကွက်များဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးမှလည်း စိုက်ပျိုးစရိတ်များ၊ သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင် အားလုံးစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။





ဆက်လက်၍ တောင်သူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေလုံဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိ၍ ရှင်းလင်းဆောင်ဌ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းနိုင်ဦးက ဒုဋ္ဌဝတီမြစ်ပေါ်ရှိ မြစ်ရေတင်လုပ်ငန်း စဥ့်ကိုင်မြို့နယ်တွင် ကိုးခု၊ အမရပူရမြို့နယ်တွင် လေးခု တည်ဆောက်ထားပြီး စိုက်ပျိုးမြေဧက ၁၂၄၀၀ တို့ကို စိုက်ပျိုးရေပေးဝေနေမှု၊ စီမံကိန်းဧရိယာအတွင်းရှိ စိုက်ပျိုးမြေဧက ၃၀၀၀ နှင့် စိုက်ပျိုးရေပေးဝေနေမှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲနေမှုနှင့် စီမံကိန်းဆိုင်ရာများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က စိုက်ပျိုးမြေများကို ရေပေးဝေရာတွင် အလေအလွင့် မရှိစေရေး၊ မြစ်ရေတင်ရာတွင် လျှပ်စစ်မီးအား ဆိုလာလျှပ်စစ်နှင့် တွဲသုံးနိုင်ပါက လျှပ်စစ်ဓာတ်အားခ ကုန်ကျမှုသက်သာကာ များစွာအကျိုးရှိမည်ဖြစ်ကြောင်းတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးအထိမ်းအမှတ်အဖြစ် လယ်ဝေးမြို့၌ နွားနို့တိုက်ကျွေးရေး အခမ်းအနားကျင်းပ

**လယ်ဝေး အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေး အထိမ်းအမှတ်အဖြစ် နွားနို့တိုက်ကျွေးရေး အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လယ်ဝေးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း (သပြေပင်)နှင့် အခြေခံပညာ အထက်တန်းကျောင်းခွဲ(စံဝါအောင်း)၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားရာတွင် နွားနို့တိုက်ကျွေးခြင်းဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အခြေခံပညာကျောင်းများတွင် နွားနို့တိုက်ကျွေးရေးနေ့အဖြစ် သတ်မှတ်ကာ နွားနို့တိုက်ကျွေးလျက်ရှိကြောင်း၊ လယ်ဝေးမြို့နယ် အထက(၂)ရှိ ကျောင်းသားကျောင်းသူ၃၈၀၊ အထက(၁)တွင် ကျောင်းသား ကျောင်းသူ ၃၅၀၊ အထက(၃)သပြေပင်နှင့် အထက(ခွဲ)စံဝါအောင်း ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၆၅၀ တို့ကို နွားနို့တိုက်ကျွေးနိုင်ခဲ့ကြောင်း၊ နွားနို့သောက်သုံးခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများမှာ ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ ကစီဓာတ်၊ ကာဗွန်ဟိုက်ဒရိတ်ဓာတ်၊ အသားဓာတ်တို့ကို ဖြည့်ဆည်းပေးကြောင်း၊ ထို့အပြင် ကယ်လ်စီယံ၊ ဖော့စဖိတ်ဓာတ်များ ပါဝင်လို့ အရိုးများ၊ သွားများကြံ့ခိုင်ပြီး ခုခံအားစနစ်လည်း ကောင်းမွန်ပြီး အခြားရာသီအလိုက် တွေ့ကြုံရမည့် ရောဂါပိုးများကို ကာကွယ်ပေးသည့်အပြင် ကင်ဆာရောဂါတို့ကို ကာကွယ်ပေးကြောင်း စသည်ဖြင့် ပြောကြားသည်။



ဆက်လက်၍ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက နွားနို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ အလှူရှင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးဝင်းအောင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဦးကျော်စိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေသည်။ ထို့နောက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့်နွားခေါင်းစည်း ၅၀၀ စီ ပေးအပ်ကာ ကျောင်းသား ကျောင်းသူလေးများအား နွားနို့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**နေဇော်ချစ်**

**(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ပထမနှင့် ဒုတိယနေ့ကို အောက်တိုဘာ ၃ ရက်၊ ၄ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ သစ္စာအားမာန် နှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

အောက်တိုဘာ ၃ ရက်က ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို ခြောက်ဂိုးပြတ် အနိုင် ရခဲ့သည်။ လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် ကစားသမားအများစု ပါဝင်သည့် သစ္စာအားမာန်အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ပွဲအစတစ်မိနစ်မှာပင် မြတ်နိုးခင်က သစ္စာအားမာန် အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ခုနစ်မိနစ်တွင် ခင်မိုးဝေက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ နှစ်ဂိုးပြတ်ပြီး နောက်ပိုင်းတွင် သစ္စာအားမာန်အသင်းက ပွဲကိုထိန်းကစားခဲ့၍ အနိုင်ဂိုးများ ကို ၃၅ မိနစ်တွင် နီလာဝင်း၊ ၅၆ မိနစ်တွင် ဝင်းဝင်း၊ ၆၃ မိနစ်တွင် ဂျူလိုင်ကျော်၊ ၉၀+၂ မိနစ်တွင် ခင်ဆန်းလွင်တို့က သွင်းယူခဲ့သည်။

အောက်တိုဘာ ၄ ရက်က ကျင်းပသည့်ပွဲတွင် လက်ရှိ ချန်ပီယံ အား/ကာသိပ္ပံအသင်းက တနင်္သာရီအသင်းကို ၂၃ ဂိုး – ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။ တနင်္သာရီအသင်းသည် ယခုမှ အသင်းသစ်ဖွဲ့စည်းပြီး ယှဉ်ပြိုင်သောကြောင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံကို ယှဉ်မကစားနိုင်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၅ ရက် (ယနေ့) တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၁ ၌ အားကစားနှင့်ကာယပညာ ဦးစီးဌာနအသင်းနှင့်YREO အသင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

## (၇၁)ကြိမ်မြောက် မယ်စကြဝဠာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Miss Universe Myanmar 2022 ဆုရှင် ဇာလီမိုး ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် စက်တင်ဘာ ၄**

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း အမေရိကန်နိုင်ငံ လူဝီစီးယားနား ပြည်နယ် နယူးအော်ရီလင်း၌ ကျင်းပမည့် (၇၁) ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Miss Universe Myanmar 2022 ဆုရှင် ဇာလီမိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

(၇၁) ကြိမ်မြောက် မယ်စကြဝဠာ ပြိုင်ပွဲကြီးအတွက် (၉)ကြိမ်မြောက် Miss Universe Myanmar ဖိုင်နယ်ပြိုင်ပွဲကြီးကို အောက်တိုဘာ၁ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ Miss Universe Myanmar 2022 ဆုရှင် ဇာလီမိုး ရရှိသည်။

Miss Universe Myanmar 2022 ဆုရှင် ဇာလီမိုးသည် ကချင်ပြည်နယ် ဗန်းမော်မြို့ဇာတိဖြစ်ပြီး ပြည်ပပြိုင်ပွဲ ပထမဆုံး ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များနှင့်အတူ Miss Universe Myanmar 2022 ဆုရှင် ဇာလီမိုး ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှဖလား ယူ–၁၇ ခြေစစ်ပွဲ မြန်မာအသင်း ရှုံးပွဲဆက်

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၂၃ အာရှဖလား ယူ–၁၇ ခြေစစ်ပွဲ အုပ်စု (ဃ) ဒုတိယနေ့ကို မြန်မာစံတော်ချိန် အောက်တိုဘာ ၃ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပရာ ကူဝိတ်အသင်းက မြန်မာအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် ဆော်ဒီအာရေဗျကို ဂိုးပြတ်အရေးနိမ့်ထားသည်။ မြန်မာအသင်းသည် ကူဝိတ်အသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ရရှိသည့်အခွင့်အရေးအချို့ကို အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ကူဝိတ်အသင်းအတွက် အနိုင်ဂိုးကို ၇၈ မိနစ်တွင် အယ်လ်မူတာရီက သွင်းယူခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစား နှစ်ပွဲစလုံး အရေးနိမ့်ထားပြီး အုပ်စုတတိယပွဲအဖြစ် အောက်တိုဘာ ၇ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ချောမိမိငယ်သည် ၎င်းအသုံးပြုသည့် "Chaw Mi Mi Nge" Facebook အကောင့်ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများက ကောလင်းမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းကို လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်

**နေပြည်တော် အောက်တိုဘာ ၄**

NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့ကုန်းမြို့မရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့သည်။

ထိုသို့ ပစ်ခတ်ခဲ့ခြင်းကြောင့် ကျောင်းအတွင်းရှိ နှစ်ထပ်ကံ့ကော်ဆောင်အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ခေါင်မိုးနှင့် အသုံးအဆောင်ပစ္စည်းများ ထိမှန်ပျက်စီးဆုံးရှုံးခဲ့သည်။ ယင်းသို့ စာသင်ကျောင်းကိုနှောင့်ယှက်ပစ်ခတ်ခဲ့သော အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူဆယ်မြို့၌ တရုတ်ငွေဈေး အနည်းငယ် ပြန်တက်

**မူဆယ် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့တွင် ယနေ့နံနက်ပိုင်း၌ တရုတ်ငွေလဲလှယ်နှုန်းသည် ယွမ် ၂၄၀ကို ငွေကျပ် တစ်သိန်းအထိ အနည်းငယ် ပြန်တက်လာကြောင်း သိရသည်။

အဆိုပါ ငွေလဲလှယ်ရာတွင် လက်ငင်းပေး တရုတ်ငွေ ၂၄၈ ယွမ်ကို မြန်မာငွေကျပ် တစ်သိန်း၊ စပါယ်ရှယ်အကောင့်မှတစ်ဆင့် လဲလှယ်နှုန်းသည် ၂၄၇ ယွမ်ကို ကျပ်တစ်သိန်းနှင့် K-pay အကောင့်မှ လဲလှယ်နှုန်းသည် ၂၄၀ယွမ်ကို ကျပ်တစ်သိန်းအထိ အမျိုးမျိုး ငွေဈေးအပြောင်းအလဲ ရှိနေကြောင်း သိရသည်။ ယင်းငွေလဲလှယ်ဈေးနှုန်းသည် ၁၅မိနစ်တွင် တစ်ကြိမ်ပြောင်းလဲနေ၍ ငွေကြေး မတည်ငြိမ်မှုကြောင့် အရောင်းအဝယ်သမားများအတွက် များစွာအခက်အခဲဖြစ်နေသည်ဟု ကုန်သည် လုပ်ငန်းရှင်များထံမှ သိရသည်။ **၀၀၉(မူဆယ်)**

◆*ကျောဖုံးမှ*

အမျိုးသားတစ်ဦး လဲကျသေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦး ဝဲရင်အုံထိုးသွင်းဒဏ်ရာ တစ်ချက်၊ ယာခြေသလုံးထိုးသွင်း ဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် စက်မှုနယ်မြေရဲစခန်း၌ (ပ)၂၅၅/၂၀၂၂၊ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်ကာ တရားခံဖမ်းဆီးရမိနိုင်ရေးနှင့် သေဆုံးသူအား အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့သည်။

သေဆုံးသူနှင့် ပတ်သက်၍ စုံစမ်းအတည်ပြုခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးပြည့်စုံထွန်း (၃၀နှစ်) အငှားယာဉ်မောင်းနှင်သူဖြစ်ပြီး ယင်းနေ့နံနက် ၈ နာရီခန့်တွင် ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၅၄ လမ်းကြားရှိ "ရွှေသိင်္ဂီ" တည်းခိုခန်းတွင် တည်းခိုနေသူတစ်ဦးက မြို့တွင်းဘုရားဖူးရန် ကားငှားသဖြင့် ၎င်းမောင်းနှင်သည့် MDY CC-4268 TOYOTA MARK II မော်တော်ယာဉ်ဖြင့် လိုက်ပါပို့ဆောင်ပေးရာမှ အဆက်အသွယ် ပြတ်တောက်ခဲ့ပြီး အသတ်ခံခဲ့ရခြင်း ဖြစ်ကြောင်းနှင့် ၎င်းမောင်းနှင်ခဲ့သည့် မော်တော်ယာဉ်မှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း ကနဦး ဖော်ထုတ်သိရှိရသည်။

ထို့နောက် တရားခံဖမ်းဆီးရမိနိုင်ရေးနှင့် မော်တော်ယာဉ်အား ပြန်လည် သိမ်းဆည်းရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက "ရွှေသိင်္ဂီ"တည်းခိုခန်းသို့ သွားရောက်စုံစမ်းခဲ့ရာ ၎င်းတည်းခိုခန်း၌ တည်းခိုနေထိုင်သည့် ကျော်သီဟ ဆိုသူက ၎င်း၏မိသားစုနှင့်အတူ ယင်းနေ့ည ၆ နာရီတွင် MDY CC-4268 TOYOTA MARK II မော်တော်ယာဉ်အား မောင်းနှင်၍ တည်းခိုခန်းသို့ပြန်လည်ရောက်ရှိလာကာ အခန်းခများ ရှင်းပြီး ထွက်ခွာသွားခဲ့ကြောင်း သိရှိရသဖြင့် မြို့ဝင်/ထွက် ဂိတ်များရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ကွင်းဆက်မပြတ် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါမော်တော်ယာဉ်မှာ ကျောက်ဆည်၊ သာစည်နှင့် အေးသာယာမြို့နယ်တို့မှတစ်ဆင့် တောင်ကြီးမြို့ဘက်သို့ ထွက်ခွာသွားကြောင်း သိရှိရသည်။

အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အနောက်မြို့ပတ်လမ်း ပေါ်ရှိ ကားရေဆေးဆိုင်အတွင်း၌ အဆိုပါ MDY CC-4268 TOYOTA MARK II ယာဉ်အား တွေ့ရှိရပြီး စီးနင်းလာသူများမှာ အနောက်မြို့ပတ်လမ်းပေါ်ရှိ "လစ်ဗင်းကာလာ"တည်းခိုခန်းအခန်းအမှတ် ၂၀၂ ၌ တည်းခိုနေကြောင်း စုံစမ်းသိရှိရသဖြင့် တည်းခိုခန်းကို ဝင်ရောက်ရှာဖွေ ခဲ့ရာ အခန်းအမှတ် ၂၀၂ ၌ ကျော်သီဟ(ခ) တရုတ်ကြီး၏ ဇနီးဖြစ်သူ မဝေဝေနွယ်နှင့် သားဖြစ်သူတို့ကို တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ကျော်သီဟ(ခ) တရုတ်ကြီးအား ည ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါ တည်းခိုခန်းအပေါ်ထပ် ရေတိုင်ကီအတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ကျော်သီဟ(ခ) တရုတ်ကြီး၏ ထွက်ဆိုချက်အရ ၎င်းသည် အလုပ်အကိုင်မရှိဘဲ မိသားစုနှင့်အတူ "ရွှေသိင်္ဂီ" တည်းခိုခန်း၌ စက်တင်ဘာ ၂၄ ရက်မှစ၍ တည်းခိုနေထိုင်ကာ သုံးစွဲရန်ငွေမရှိသဖြင့် ငွေရရှိရန် မော်တော်ယာဉ် တစ်စီး ငှားရမ်းအသုံးပြု၍ မော်တော်ယာဉ်ကို ယာဉ်မောင်းအလစ် မောင်းနှင်ထွက်ပြေး ယူဆောင်ရောင်းချရန်စီစဉ်ကာ ယခင်က သိကျွမ်းခဲ့သည့် အိုးဝေမောင်းနှင်သူမှတစ်ဆင့် MDY CC-4268 TOYOTA MARK II မော်တော်ယာဉ်ကို မြို့တွင်းဘုရားဖူးသွားရန် ငှားရမ်းခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် မော်တော်ယာဉ်အား ရန်ကင်းတောင် အရှေ့ဘက်ခြမ်း လမ်းကြားသို့ မောင်းနှင်စေခဲ့ပြီး အဆိုပါ လမ်းကြားအရောက်၌ ၎င်း၏မိဘများ လာမည်ဖြစ်၍ စောင့်ဆိုင်းပေးရန် ယာဉ်မောင်းကို လိမ်လည်ပြောဆိုပြီး ဇနီးနှင့် သားဖြစ်သူတို့အား ယာဉ်အောက်၌ စောင့်နေစေကာ ၎င်းမှ ယာဉ်၏ အနောက်ခန်းတွင် ထိုင်၍ ယာဉ်မောင်းအလစ်အငိုက်အား စောင့်ဆိုင်းနေခဲ့ကြောင်း၊ ယာဉ်မောင်းဖြစ်သူမှာ ယာဉ်ပေါ်မှမဆင်းသဖြင့် ညနေ ၅ နာရီခန့်တွင် ၎င်းမှ ယာဉ်မောင်းအား အသင့်ယူဆောင်လာသည့် ဓားဖြင့် ထိုးကာ အလောင်းအား ၆၇ လမ်းနှင့် စက်မှုပန်းခြံလမ်းကြား၌ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်စဉ်က အသုံးပြုသည့် သက်သေခံဓားကို ကျောက်ဆည်မြို့အထွက် လမ်းဘေး ချုံတစ်ခုအတွင်းသို့ လွှင့်ပစ်ဖျောက်ဖျက်ခဲ့ကြောင်း၊ ထို့နောက် တောင်ကြီးမြို့သို့ လုယက်ယူဆောင်ခဲ့သည့် TOYOTA MARK II ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး "လစ်ဗင်းကာလာ"တည်းခိုခန်း၌ တည်းခိုနေထိုင်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အငှားယာဉ်မောင်းကို သတ်ဖြတ်၍ ယာဉ်အား လုယက်ခဲ့သည့် တရားခံ ကျော်သီဟ(ခ)တရုတ်ကြီး (၂၅) နှစ် (ဘ) ဦးသန်းဝင်းဦးအား ၎င်းလုယက်ယူဆောင်ခဲ့သည့် MDY CC-4268 TOYOTA MARK II မော်တော်ယာဉ်တစ်စီး၊ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဦးပြည့်စုံထွန်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ယာဉ်မောင်းလိုင်စင်နှင့် အဝတ်အထည်များနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ




**ပဲခူး အောက်တိုဘာ ၄**

CMP စက်ရုံများဖြစ်သည့် မြန်မာစတား အထည်ချုပ်စက်ရုံနှင့် ဆုစ်စတား အထည်ချုပ်စက်ရုံတို့ရှိ အလုပ်သမားများအား အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု လျော့နည်းစေရန်အတွက် ဥပဒေပါရပိုင်ခွင့်များနှင့် အကျိုးခံစားခွင့်များကို သိရှိစေရန် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အဖွဲ့တို့က ကျင့်သုံးလျက်ရှိသော အလုပ်သမားဥပဒေပါ အကြောင်းအရာများအား နားလည်စေရန် အသိပညာပေး ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါ စက်ရုံများ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ အလုပ်ရုံးနှင့် အလုပ်သမားစစ်ဆေးရေး ဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တို့မှ တိုင်းဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ဟောပြော ဆွေးနွေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆရာကို ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီးတော့ တပည့်တွေရဲ့ဘဝ မြင့်မားအောင် ကြီးကျယ်အောင်၊ အမှန်တရားတွေကို မြတ်နိုးတတ်အောင်၊ အကြောင်းအကျိုးတွေ အကောင်းအဆိုးတွေကို သိအောင် လမ်းညွှန်ပေးနိုင်တဲ့အစွမ်းတွေ၊ ဂုဏ်တွေ၊ ဂုဏ်သတင်းတွေ ရှိရတယ်

**တွေ့ဆုံမေးမြန်းသူ- ဒေါ်စန္ဒာကြည် (လက်ထောက်ညွှန်ကြားရေးမှူး)**

မေး – မင်္ဂလာပါဆရာမကြီးရှင့် ဆရာမကြီးရဲ့ အမည်နဲ့ပညာရေးဌာနမှာ စတင်တာဝန် ထမ်းဆောင်တဲ့ ခုနှစ်လေး သိပါရစေရှင့်။

ဖြေ – မင်္ဂလာပါသမီးရေ ဆရာမကြီး နာမည်ကတော့ ဒေါ်ချစ်ချစ် ဖြစ်ပါတယ်။ ပညာရေးဌာနမှာ ၁၉၇၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်ကနေပြီးတော့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ၃၈ နှစ်နဲ့ တစ်လတာဝန် ထမ်းဆောင်ခဲ့ပါတယ်။

မေး – ဆရာမကြီး ပညာရေးဌာနမှာ စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ အချိန်ကစလို့ ဘယ်ကျောင်းတွေမှာ တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတာ သိပါရစေရှင့်။

ဖြေ – ပညာရေးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့နေရာတွေကတော့ အမက(ရှောက်ကုန်း)၊ အမက(ပုန်းညှက်)၊ အလက(ပုစွန်ဖြေ)၊ အထက(မောင်တော)၊ အထက (၁) စစ်တွေ၊ အထက(ငကျော်တောင်)၊ အထက(၂)မှာပဲ အလယ်တန်းပြအနေနဲ့ပင်စင်ယူခဲ့ပါတယ်။

မေး – ဆရာမကြီးတို့ ဆရာဘဝနဲ့လူငယ်တွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ဆရာတွေရဲ့ အရေးပါမှုကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ – လူငယ်တွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ဆရာတွေဟာ အလွန်အရေးပါတာပေါ့ သမီးရယ်။ ဆရာမတို့မြန်မာမှုနယ်ပယ်မှာ ဆရာကို ဘုရားနဲ့တစ်ဂိုဏ်းတည်းထားပြီးတော့ တပည့်တွေရဲ့ဘဝ မြင့်မားအောင် ကြီးကျယ်အောင်၊ အမှန်တရားတွေကို မြတ်နိုးတတ်အောင်၊ အကြောင်းအကျိုးတွေ၊ အကောင်းအဆိုးတွေကို သိအောင် လမ်းညွှန်ပေးနိုင်တဲ့ အစွမ်းတွေ၊ ဂုဏ်တွေ၊ ဂုဏ်သတင်းတွေ ရှိရတယ်လေ။ ဒါကြောင့် ရှင်မဟာသီလဝံသဆရာတော်က ဘယ်လိုရေးခဲ့လဲဆိုတော့ "တိလောကဟု မရနိုင်းတုဘက်မပြုသည့် မာတာပိတဆရာ စသားအရှင်များ"လို့ ဖွဲ့ဆိုခဲ့ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်ဟာဆရာတွေရဲ့ လက်ထဲမှာရှိတယ် မဟုတ်ပါလား။ ဆရာမတို့ကတော့ ဒီလိုပဲ ခံယူပါတယ်။ ဒါကြောင့် ဆရာမတို့ မြန်မာမှုနယ်ပယ်မှာပေါ့နော် ဆရာ ကျေးဇူး၊ တပည့်ကျေးဇူး၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ မြတ်စွာဘုရားရဲ့ ကျေးဇူးတရားတွေရဲ့ ဂုဏ်တော်တွေ၊ သံဃာတွေရဲ့ ဂုဏ်တော်တွေဆိုတာဟာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ ရှိတယ်လို့ ဆရာမတို့က ယုံကြည်ပါတယ်။ ဒါကြောင့် ဒီဆရာ ဆိုတာဟာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မဟုတ်ဘူး Helper တွေမျှသာ ဖြစ်တယ်လို့ စကားတွေကိုတော့ ဆရာမတို့က လက်မခံဘူး။ ဘာကြောင့်လဲဆိုတော့ မူလရှိခဲ့တဲ့အပိုင်းထဲမှာ အံဝင်ခွင်ကျ ရှိနေတဲ့ မြန်မာမှုနယ်ပယ်ကို အပိုင်းထဲကို လေးထောင့်ထည့်သလို ဖြစ်သွားတယ်လို့ ခံယူပါတယ်။



ဆရာမကြီး ဒေါ်ချစ်ချစ်

မေး – ဆရာနဲ့တပည့်ကြားမှာရှိသင့် တဲ့ ဆက်ဆံရေးအခြေအနေနဲ့ အခုလက်ရှိ ဆရာနဲ့တပည့် ဆက်ဆံရေးအခြေအနေကို ဆရာမကြီး အမြင်လေး ပြောပြပေးစေချင်ပါတယ်ရှင့်။

ဖြေ – ဆရာမအနေနဲ့ကတော့လေ ခေတ်နှစ်ခေတ်ကိုပဲ ပြန်ပြီးတော့ နည်းနည်းလေ နှိုင်းယှဉ်ပြချင်တယ်ပေါ့နော်။ ဆရာမတို့ ပညာသင်ခဲ့စဉ် ဆရာမတို့ရဲ့ဆရာတွေက နာသုံးနာဖြစ်တဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာအပြင် မေတ္တာ၊ ကရုဏာ၊ အကြင်နာ စတဲ့နာ အများကြီးနဲ့ သင်ခဲ့တယ်။ ဆရာမတို့စာသင်ခဲ့တဲ့ အချိန်မှာ ကျူရှင်ဆိုတာလည်း မရှိပါဘူး။ အဲဒီခေတ်က ဆရာတွေကလေ ဆရာကောင်းပီသစွာနဲ့ ဆရာမတို့ကို သင်ပေးခဲ့တယ်။ ဆရာမတို့ ဆရာဖြစ်လာတဲ့ အပိုင်းကို ပြန်ပြောရရင်တော့ ဆရာမတို့က နှစ်ဖက်ခွသလို ဖြစ်သွားတယ်။ တစ်ဖက်က ကျူရှင်ဆိုတဲ့ အပိုင်းကိုလည်းမှီတယ်။ ဟိုဖက်က ကျူရှင်မရှိဆိုတဲ့အပိုင်းကိုလည်းမှီတယ်။ ကျူရှင်မရှိတဲ့ အပိုင်းမှာ ဆရာမတို့ဟာ ဆရာမတို့ရဲ့ဆရာတွေလိုပဲ ဂုဏ်ရည်အနေနဲ့ မြင့်မားတဲ့ အနေအထားမှာ ရှိခဲ့တယ်လို့တော့ ဆရာမက ထင်တာပဲလေ။ နောက် ကျူရှင်တွေပေါ်လာတော့ ကျူရှင်ဆိုတာပြတဲ့အခါမှာ ကျောင်းသားတွေရဲ့ ဆက်ဆံရေကော မိဘတွေရဲ့ ဆက်ဆံရေးကောဟာ ဆရာ ဆရာမတွေအပေါ်မှာ တော်တော်ကို အလေးအနက်မထားဘဲနဲ့ အခုခေတ် ခေတ်ပေါ်စကား Helper ဆိုတဲ့ အနေနဲ့ပဲ သုံးသပ် မြင်လာတာကတော့ ဝမ်းနည်းဖွယ်ရာပဲလို့ မြင်ပါတယ်။ ဒါပေမယ်လို့ ဆရာမတို့ကတော့ ကျင့်ဝတ်နှင့်အညီ အတတ်နိုင်ဆုံးကြိုးစားပြီးတော့ တာဝန် ထမ်းဆောင်ခဲ့ကြပါတယ်။

မေး – ဆရာမကြီးအနေနဲ့ စပြီးတော့ပညာရေးဌာနမှာ တာဝန်ထမ်းဆောင်တဲ့ အချိန်ကနေပြီးတော့ အငြိမ်းစားယူတဲ့ အချိန်ထိ တပည့်တွေနဲ့ ပတ်သက်တဲ့ အမှတ်တရလေးတွေ ရှိရင်လည်း ပြောပြပေးပါရှင့်။

ဖြေ – အမှတ်တရကတော့အများကြီးပဲရှိတယ်။ သမီးရယ် အမှတ်တရတစ်ခုကိုတော့ ပြောချင်တယ်။ အဲဒီတစ်ခုက ဆရာမက ရှစ်တန်းကို မြန်မာစာသင်တယ်။ နွားတရား စီရင်ခန်းဆိုပြီးတော့ ဆရာမက သင်လိုက်တယ်။ အဲဒီတော့ ကလေးတွေကို အပြင် ရှေ့ကို ထွက်ပြီးတော့ပေါ့နော်။ ဆော့ပင်လေးနဲ့ ကဲ သားတို့/သမီးတို့ နွားတရားစီရင်ခန်းကို ရေးပါဆိုတော့ တစ်ယောက် ချင်းထွက်ပြီးတော့ ရေးခိုင်းတယ်။ အဲဒီတော့ ကလေးတစ်ယောက်က အပြင်ရှေ့ကို ထွက်ပြီးတော့ ဘာရေးလဲဆိုတော့ ချစ်တယ်လို့ ရေးတဲ့အချိန်မှာ ဆရာမက ဒေါသတော့ တော်တော်ထွက်သွားတယ်ပေါ့နော်။ ဆရာမက အဲဒီလိုမဟုတ်ဘူးလေ။ နွားတရားစီရင်ခန်းကို ရေးဆိုတော့ ကျွန်တော်ဒါပဲတတ်တယ်တဲ့ ။ အဲဒီလိုဆိုတော့ဒါကတော့ ခက်တော့ခက်ပြီပေါ့။ ဒါကို ရှင်းရတော့မယ်ဆိုပြီးတော့ ဆရာမကြီးသူကတော့ ဒါပဲတတ်တယ်လို့ ပြောတယ်။ ကျွန်မကို သူ အားမနာလုပ်တာလားတော့ မသိ။ ဆရာမကြီး ခဏလောက် စစ်ဆေးကြည့်ပါဦးဆိုတော့ ဆရာမကြီးကလည်း ကောင်းပြီ ဒီအမှုကို စစ်ဆေးမယ်ဆိုပြီးတော့ အဲဒီအမှုထက် များပြားတဲ့အမှုတွေ ပေါ်လာပြီးတော့မစစ်ဆေးလိုက်ဘဲနဲ့ ရှိခဲ့တယ်။ ဆရာမရင်ထဲမှာတော့ တအုံနွေးနွေးနဲ့ ဖြစ်ခဲ့တယ်။ ဒီကိစ္စဟာ ဘယ်လိုမှရင်ထဲမှာ မတင်မကျနဲ့ပေါ့။ အားမနာလုပ်တာလား။ တကယ်လားဆိုတာကို မသိဖြစ်နေတဲ့ အချိန်မှာပဲ စာမေးပွဲ စစ်သွားတယ်။ အတန်းတင်စာမေးပွဲတော့ မဟုတ်သေးဘူးပေါ့နော်။ CHAPTER END ပေါ့နော်။ အတန်းတင် စာမေးပွဲစစ်တဲ့အခါ အဲဒီကျောင်းသားက မေးခွန်းအဖြေလွှာအားလုံးမှာ ချစ်တယ် ချစ်တယ် ဖြေထားတယ်။ ဘာသာရပ်အားလုံး ဒီတိုင်းပဲ ဖြေထားတယ်။ ကျန်တာကို တစ်ခုမှလည်းမရေး။ ဆရာဆရာမတွေ အားလုံးစုလိုက်တဲ့အခါ ကျောင်းသားဟာ ဒီလိုတွေ ရေးထားပါလား။ တကယ်ပဲ မတတ်ပါလားဆိုတာ သူ့ရဲ့စာအုပ်တွေ လှန်လှောကြည့်တဲ့အခါ သိရတယ်။ သူ့စာအုပ်ထဲမှာ ဘာမှလည်း ရေးထားတာ မရှိ။ အဲဒီမှာ မြန်မာ့ပညာရေးရဲ့ အားလုံးကို အောင်စေတဲ့ စနစ် CHAPTER END ဟာ ဘယ်လောက်အထိ ကလေးတွေအပေါ်မှာ ဆိုးကျိုးသက်ရောက်သွားတယ်ဆိုတာကို အမှတ်တရအနေနဲ့ ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ဆရာမကိုယ်တွေ့ပါပဲ။

မေး – အောက်တိုဘာလ ၅ ရက်နေ့မှာကျရောက်မယ့် ကမ္ဘာ့ဆရာများနေ့အတွက် အမှတ်တရစကားလေး ပြောပေးပါရှင့်။

ဖြေ– ကမ္ဘာ့ဆရာများနေ့ကတော့ တစ်ကမ္ဘာလုံးမှာ ၂၀၀၂ ခုနှစ်မှာ စတင်ကျင်းပတယ်လို့ ပြောပါတယ်။ မြန်မာနိုင်ငံမှာကတော့ ဘုန်းတော်ကြီးသင် ပညာရေးကစပြီးတော့ ရှိခဲ့တယ်လို့ ထင်ပါတယ်။ အဲဒါကတော့ မြန်မာ့ဆရာများနေ့ပေါ့။ အစဉ်အဆက် တပည့်တွေက လက်ဆင့်ကမ်းပြီးတော့ ဆရာများနေ့ကို ကျင်းပတာဟာ အင်မတန်မှ မင်္ဂလာရှိပြီးတော့ ဂုဏ်ယူစရာလည်း ကောင်းတယ်လို့ ယူဆပါတယ်။ သံတွဲမြို့အနေနဲ့ပြောရမယ်ဆိုရင် ဒီနှစ်၂၀၂၂ ခုနှစ်မှာ ကျင်းပမယ့် ဆရာများနေ့ဟာ (၉)ကြိမ်မြောက် ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ဆရာများနေ့မှာ အသက် ၇၀ အထက် ဆရာကြီး ဆရာမကြီးတွေအားလုံးကို ပင့်ဖိတ်ပြီးတော့ သူတို့အချင်းချင်းလည်း တွေ့ကြပါစေ၊ ဆုံကြပါစေ၊ ပြောစရာ စကားတွေလည်း ပြောကြပါစေဆိုတဲ့ စိတ်အာဟာရဖြစ်အောင်လို့လည်း တစ်မျိုး။ နောက်ပြီးတော့ အခုချိန်မှာ ခက်ခဲပင်ပန်းနေတဲ့ ပင်စင်စားတွေရဲ့ ဘဝတွေကို တစ်ထောင့်တစ်နေရာကနေပြီးတော့ ဆရာမတို့ တပည့်တွေက ကူညီပံ့ပိုးတဲ့အနေနဲ့ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပခဲ့တာလည်းဖြစ်တယ်။ ကလေးတွေအတွက် ကမ္ဘာ့ဆရာများနေ့နဲ့ ပတ်သက်တဲ့ စာစီစာကုံးပြိုင်ပွဲတွေ၊ ကျပန်းစကားပြော ပြိုင်ပွဲတွေ၊ အရင်နှစ်တွေက ကျင်းပဖြစ်ခဲ့ပါတယ်။ အခုနှစ်မှာတော့ အခြေ အနေအရပ်ရပ်ကြောင့် အချို့ပြိုင်ပွဲတွေကို ကော်မတီအနေနဲ့ ဖြုတ်ထားခဲ့တာ ရှိတယ်။ အဲဒီတော့ ရှေ့ဆက်ပြီးတော့လည်း ဒီကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပွဲတွေကို ဆက်ပြီးတော့ ကျင်းပသွားမယ်ဆိုပြီး ဆုံးဖြတ်ချက်တွေရှိပါတယ်။ တစ်ချိန်ချိန်မှာ ကိုယ်လည်း အသက် ၇၀ ပြည့်ပြီးတော့ အပူဇော်ခံဆရာကြီး ဆရာမကြီးနေရာကိုလည်း ဝင်ရမှာပါ။ အဲဒါဆိုတော့ ကိုယ့်နောက်က ကလေးတွေကိုလည်း ဒီကမ္ဘာ့ဆရာများနေ့ကို ဆက်လက်ပြီးတော့ ကျင်းပနိုင်ပါစေ။ ဆရာတွေ ဆရာမတွေအပေါ်မှာထားတဲ့ မေတ္တာတရားတွေ၊ အကြင်နာတရားတွေ၊ ကရုဏာတရားတွေ၊ ကျေးဇူးတရားတွေကိုလည်း ဘယ်တော့မှ မမေ့ပါစေနဲ့လို့ ဆုတောင်းပြီးတော့ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုစကားလေး ပြောချင်ပါတယ်။ ။

## ကလောမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းဖွင့်

**ကလော အောက်တိုဘာ ၄**

ကျေးလက်နေပြည်သူများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ်များသင်ကြားတတ်မြောက်ပြီး မိမိတို့ ရပ်ရွာဒေသအတွင်း တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြင်းမထိကျေးရွာအုပ်စု မြင်းမထိဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မြင်းမထိကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေ သင်တန်းသား ၂၀ တို့ကို သင်တန်းကာလ တစ်လကြာ စာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ငွေကြေးအကျိုးအမြတ်ရယူ၍ ဇနီးမယားအဖြစ် ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၄**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ငွေကြေးအကျိုးအမြတ်ရယူ၍ ဇနီးမယားအဖြစ် ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၃ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပင်လယ်ဘူးမြို့နေ မမေသက်ညို၊ တိမ်းရှောင်တရားခံများဖြစ်သည့် ပြည်ကြီးတံခွန်မြို့နယ်နေ ကိုထွန်း(ခ) အောင်မြင့်ထွန်း(ခ)မြွေပွေး ထွန်းထွန်းနှင့် ပင်လယ်ဘူးမြို့နယ်နေ မအိအိခိုင်တို့ သုံးဦးက တစ်မြို့တည်းနေ မ - - -၊ (၂၂ နှစ်)ကို တရုတ်ယောကျ်ားယူလျှင် ငွေကျပ် သိန်း ၂၀ ရရှိမည်ဟု ပြောဆိုကာ တရုတ်အမျိုးသားထံ ငွေကြေးအကျိုးအမြတ်ရယူ၍ ဇနီးမယားအဖြစ် ရောင်းစားခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့ရဲစခန်း (ပ)၅၂/၂၀၂၀ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်၍ မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၃၀ ရက်က တရားခံ မမေသက်ညိုအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ပြီး တိမ်းရှောင်တရားခံ ကိုထွန်း(ခ) အောင်မြင့်ထွန်း (ခ)မြွေပွေးထွန်းထွန်း နှင့် မအိအိခိုင် တို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေ ၈၇/၈၈ အရ တရားခံပြေး သတ်မှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်ရှိ ညီမျိုးထက်(ခ) နေမျိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်ရှိ ဇော်လင်းအောင်(ခ) ခြေချင်း (ခ) မူးကြောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ညနေ ၅ နာရီ မိနစ် ၅၀ တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ မြကျွန်းသာကားပါကင်တွင် သိန်းဇော်အား အိုက်စ် သုည ဒသမ ၀၂ ကီလို၊ Crown အမျိုးအစား မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် စိုင်းဆိုင်နွံ မောင်းနှင်ပြီး ခွန်အောင်ဆန်းဦး လိုက်ပါလာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ကီလို ၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်း ရပ်ကွက်ရှိ စိုင်းဆိုင်နွံ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မဗျာမလေး(ခ)သံစဉ်ချို၊ မျိုးအောင်၊ ဇော်မိုင် နှင့် စိုင်းသက်ကိုကိုဦးတို့ လေးဦးအား တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ အားရှိ(ခ) အားစစ်(ခ)အဘော၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀၀ ကို လည်းကောင်း။



စိုင်းဆိုင်နွံ၊ ခွန်အောင်ဆန်းဦး၊ မဗျာမလေး(ခ)သံစဉ်ချို၊ ဇော်မိုင်၊ စိုင်းသက်ကိုကိုဦးနှင့် မျိုးအောင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ အောက်တိုဘာ ၂ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့၊ အမှတ်(၁)ရပ်ကွက်တွင် သန်းထွန်းဝင်း(ခ)အိတာ မောင်းနှင်ပြီး မျိုးအောင် လိုက်ပါလာသည့် FAW အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆာလဖျူရစ်အက်စစ် လီတာ ၁၃၆၅၀၊ ဆိုဒီယမ်အီသောက်ဆိုဒ် ကီလို ၅၄၀၀၊ မက်သနော နိုက်ထရစ်အက်စစ် လီတာ ၂၁၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် **(အောက်ပုံ)** ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**







### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ကွက်သစ် (၃)လမ်း၊ တိုက်အမှတ် (၃၀)နေ ကွယ်လွန်သူများဖြစ်သော ဖခင် ဦးဘိုးကြည်နှင့် မိခင် ဒေါ်တင်ငွေတို့၏ သားသမီးများဖြစ်ကြသည့် ဒေါ်ဝင်းမြင့်ခိုင်၊ ဦးတင့်လွင် (ကွယ်လွန်) ၏ မိသားစုများ၊ ဒေါ်နီလာ၊ ဦးသန့်စင်၊ ဒေါ်ဆန်းသီဂီ၊ ဦးအောင်ကျော်မိုး၊ ဦးတင်ကိုလတ် (ကွယ်လွန်)၏ မိသားစုတို့မှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

မိဘများဖြစ်သော ကွယ်လွန်သူ ဦးဘိုးကြည်နှင့် ဒေါ်တင်ငွေတို့တွင် သားသမီး (၈)ဦးမွေးဖွားခဲ့ပြီး၊ မိဘများကွယ်လွန်ချိန်တွင် အမွေပုံပစ္စည်းအဖြစ် အထက်ဖော်ပြပါ နေရပ်လိပ်စာတွင် ပထမထပ် (ခြေရင်းခန်း)နှင့် မြေညီထပ် (ခြေရင်းခန်း)၊ စုစုပေါင်းတိုက်ခန်း (၂)ခန်း ကျန်ရှိခဲ့ပါသည်။

ထို့နောက် ယင်းအမွေပုံပစ္စည်းအပေါ် မောင်နှမသားချင်းများအားလုံး အညီအမျှပူးတွဲပိုင်ဆိုင်ကြောင်း သတ်မှတ်၍ မိသားစုများဝေစုခွဲဝေယူရာတွင် အကျိုးအမြတ်များ ပိုမိုရရှိစေရန်အတွက် အိမ်တန်ဖိုးမြင့်ချိန်မှ ရောင်းချ၍ခွဲဝေရန် သဘောတူခဲ့ကြပါသည်။

ထိုသို့ ရောင်းချခွဲဝေရန်အချိန်ကာလစောင့်ဆိုင်းနေစဉ်အတွင်း ကျန်းမာရေးချို့တဲ့လျက်ရှိသော (နေပြည်တော်)ရှိ ဦးသန့်စင်နှင့် မိသားစုများအား ရန်ကုန်မြို့သို့လာရောက်စေ၍ ဆေးကုသနိုင်ရန်နှင့် မိသားစုဝင်များဖြင့်နီးစပ်စွာ ရှိနိုင်စေရန်အတွက် တိုက်ခန်းများအား ရောင်းချခြင်းမပြုမီအထိ မြေညီထပ်တွင် ခေတ္တခဏနေခွင့်ပြုခဲ့ပါသည်။

သို့ပါသောကြောင့် အဆိုပါမြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍ အတူပူးတွဲပိုင်ဆိုင်သူများဖြစ်သော ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းတို့ကို မည်သူမျှပြုလုပ်ဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြ (Advocate)
LL.B, D.B.L, D.M.L, D.I.R, D.I.L, C.A.E.S, C.B.D.S, WIPO (Switzerland),
Diploma in English, Master of Business Law (M.B.L)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေဆိုင်ရာအကြံပေး (စဉ်-၁၃၅၃၁)
ရုံးခန်း-အမှတ် (၈)၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၃၉၃၁၅

**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံးစက္ကန့်(၂၀) ကြာဆေးကြောပါ။**

## ဂျပန်ဘာသာစကားပြော ဧည့်လမ်းညွှန်များအတွက် ဧည့်လမ်းညွှန်မွမ်းမံသင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၄**

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ ASEAN Standard Tour Guide Upgrading Course for National Tour Guide သင်တန်း အမှတ်စဉ် (၂) ကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရန်ကုန်မြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ နှစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသည့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် နှစ်နှစ်ပြည့်ပြီးသော ဂျပန်ဘာသာ စကားပြော ဧည့်လမ်းညွှန် ( National Tour Guide ) များသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစတင်ပြီး သင်တန်းလျှောက်လွှာများကို https://bit.ly/2Xf1I82 တွင်ရယူပြီး လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန နေပြည်တော် ဖုန်း ၀၆၇-၄၀၆၁၀၅၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၇၅၅၉ တို့သို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
